ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (4-8-2010) (၆၄၈၀)

ဝန်ကြီး ဦးလွန်းသီ အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး တက်ရောက် စွမ်းအင်မူဝါဒနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော်   ဩဂုတ်   ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇူလိုင် ၂၂ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒါလတ်မြို့၌ ကျင်းပသော (၂၈)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ စွမ်းအင်ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် အရှေ့အာရှဒေသ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးတို့ကို တက်ရောက်သည်။

အမှာစကားပြောကြား

အစည်းအဝေး စတင်ကျင်းပလျှင် (၂၇)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီက အဖွင့်အမှာစကား ပြောကြားပြီး ယခုနှစ် (၂၈)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်မည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Vu Huy Hoang ထံ တာဝန်လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံဒေသအတွင်း စွမ်းအင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရာသီဥတု ပြောင်းလဲခြင်းနှင့် အာဆီယံ၏ စီးပွားရေးကဏ္ဍ ပြောင်းလဲမှုများအပေါ် တုံ့ပြန်ရင်ဆိုင်နိုင်ရန်အတွက် တက်ရောက်လာကြသည့် အာဆီယံ စွမ်းအင်ဝန်ကြီးများက မိမိတို့၏ စွမ်းအင်မူဝါဒနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ (၂၈)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၌ အဖွင့်အမှာစကား ပြောကြားစဉ်။
(စွမ်းအင်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပါရမီရှင်၊ ဝါသနာရှင် သစ်လွင်မောင်မယ်များကို ကြိုဆိုပါသည်

သတင်းဆောင်းပါး - စန္ဒာခင်
အဆင်အပြင် - မင်းမင်း

၂၀၁၀ ခုနှစ် ဇွန်လ ၁၃ ရက်နေ့က မြန်မာနိုင်ငံတစ်ဝန်း စာစစ်ဌာနအားလုံး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူပေါင်းမှာ တစ်သိန်းခွဲ၊ နှစ်သိန်းဝန်းကျင်ရှိကြောင်း သိရှိရသည်။ အောင်စာရင်းတွေ သိရှိပြီးသည့်နောက် မကြာခင်မှာ တက္ကသိုလ်ဝင်ခွင့်တွေကို လျှောက်ထားရတော့မည်။ တက္ကသိုလ်ဝင်ခွင့်ကို ရွေးချယ်လျှောက်ထားရာတွင် အများစုမှာ ရရှိသော အမှတ်ပေါ်တွင် အခြေခံ၍ စဉ်းစား ရွေးချယ်ကြသည်။ အမှတ်အမြင့်ဆုံး သတ်မှတ်ထားသည့် တက္ကသိုလ်ကို ဝင်ခွင့်မရခဲ့သော်လည်း မိမိ၏ရမှတ်ပေါ်မူတည်ကာ ဝင်နိုင်သော အခြားတက္ကသိုလ်ကို ရွေးချယ်၍ လျှောက်ကြပြန်သည်။ ဤကဲ့သို့ စဉ်းစားရွေးချယ်မှုသည် သားသမီးအပေါ် စေတနာလွန်သော မိဘများ၏ အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်နေသည်။

အမှန်အားဖြင့် ကျောင်းသားတစ်ဦး၏ တက္ကသိုလ်ဘာသာရပ်ရွေးချယ်မှုသည် ကာယကံရှင်၏ ပင်ကိုဗီဇ၊ ပါရမီ၊ ဝါသနာစသည့် အခြေခံအချက်အလက်များကို မူတည်၍ စဉ်းစားသင့်ပါသည်။ လူတစ်ယောက်၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ရုပ်ရှင်နှင့် ပြဇာတ်ပညာ အထူးပြုဘာသာရပ်၌ ကျောင်းသား၊ ကျောင်းသူများ Camera အသုံးပြုပုံကို လက်တွေ့သင်ယူနေကြစဉ်။

ယနေ့သတင်းအညွှန်း

❒ **နေပြည်တော်ဘူတာကြီး အရှေ့ဘက်တွင် စက်ခေါင်းစက်ရုံ(နေပြည်တော်)ကို တည်ဆောက်လျက်ရှိပြီး စက်ခေါင်းများ၊ တွဲများ နေ့စဉ် ပြုပြင်မွမ်းမံမည့် လုပ်ငန်းများကို စစ်ဆေး ။**
(သတင်း)စာမျက်နှာ-၂

❒ **၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်၍ ဆေးတက္ကသိုလ်တက်ရန် အဆင့်မီသူများအနက် အခက်အခဲရှိသူများ ပညာသင်ဆု လျှောက်ထားနိုင် ။**
(သတင်း)စာမျက်နှာ-၆

❒ **၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက် နိုင်ပွဲဆက် ။**
(သတင်း)စာမျက်နှာ-၁၁

❒ **ဘာရာဇီးကွင်းလယ်ကစားသမား ရာမီရစ်အား ချယ်လ်ဆီးခေါ်ယူနိုင်ရေး ဆေးစစ်မှုပြုလုပ် ။**
(သတင်း)စာမျက်နှာ-၁၁

၄-၈-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

ဒီရေတောဂေဟစနစ် ထိန်းသိမ်းထူထောင်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲနေသည်။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများ ကမ္ဘာတစ်ဝန်း၌ ဖြစ်ပေါ်နေသည်။ ဒေသအချို့၌ အပူလှိုင်းကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းထူထပ်စွာကျရောက်ခြင်းစသည့် အခြေအနေများ တွေ့ကြုံနေကြရသည်။

မြန်မာနိုင်ငံတွင်လည်း အပူပိုင်းမုန်တိုင်းများ သက်ရောက်မှုရှိခဲ့သည်။ မုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများလည်း ကြုံတွေ့ခဲ့ရသည်။ ယခုအခါ မုန်တိုင်းလမ်းကြောင်းများ ဖြစ်ပေါ်လာနိုင်သည့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် မုန်တိုင်းအန္တရာယ်ကာကွယ်မှု အထောက်အကူပြု ဒီရေတောစိုက်ခင်းများကို စနစ်တကျ ထူထောင်စိုက်ပျိုးနေကြပေပြီ။

ဒီရေတောများသည် ပင်လယ်နှင့်ကုန်းမြေအကြားတွင် ပေါက်ရောက်နေသည့် အပင်အဖွဲ့အစည်းဖြစ်သည်။ ဒီရေ၊ မြေကြီး၊ ရေချို၊ ဇီဝဆွေးမြည့် အနည်အနှစ်ရွံ့မြေတို့ ပါဝင်ဖွဲ့စည်းထားသည်။ ငါး၊ ပုစွန်၊ ကဏန်း၊ ကမာ၊ ဌာနေပျော်ငှက်များ၊ တွားသွားသတ္တဝါများနှင့် ဇီဝမျိုးစုံမျိုးကွဲများ မှီခိုကျက်စားရာ ဂေဟစနစ်ကြီးတစ်ခုလည်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ တောတောင်၊ ရေ၊ မြေနှင့် ဂေဟစနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပါအဝင် သက်ရှိများအပေါ် အကျိုးပြုနေသည်။ ယင်းအကျိုးပြု သစ်တောဂေဟစနစ်များတွင် ဒီရေတောများလည်းပါဝင်သည်။ ဒီရေတောများသည် လယ်ယာမြေများသို့ ဆားငန်ရေဝင်ရောက်မှုကို တားဆီးပေးနိုင်သည်။ လေပြင်းမုန်တိုင်းတိုက်ခတ်မှုများမှလည်း ကာကွယ်ပေးနိုင်သည်။ ထို့အပြင် ငါး၊ ပုစွန်များ တစ်နှစ်ပတ်လုံး ရှင်သန်ပေါက်ပွားကြီးထွားစေရန် အစာကွင်းဆက်ကို သဘာဝအလျောက်ဖြစ်ပေါ်စေသဖြင့် စားနပ်ရိက္ခာဖူလုံမှုအတွက် အကျိုးပြုလျက်ရှိသည်။

သစ်တောရေးရာဝန်ကြီးဌာနက မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် လေဒဏ် လှိုင်းဒဏ်ကာကွယ်နိုင်ရန် ဒီရေတောများကို တိုးချဲ့စိုက်ပျိုးထူထောင်နေသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒေသခံပြည်သူများနှင့်အတူ အကောင်အထည်ဖော်နေကြပြီ။ ဧရာဝတီတိုင်းရှိ မိန်းမလှကျွန်း၊ ပြုန်းမွေးကျွန်း၊ ကျွန်းညိုကြီးကျွန်းတို့ကို သဘာဝအခြေခံ ဇီဝမျိုးစုံကာကွယ်တောများအဖြစ် သတ်မှတ်ကာကွယ်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများအားလုံးက ဒီရေတောဂေဟစနစ် ထူထောင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ရာသီဥတု ညီညွတ်မျှတမှုနှင့် သဘာဝအခြေခံ ဇီဝမျိုးစုံ ကာကွယ်တောထိန်းသိမ်းမှုတို့တွင် များစွာ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

ပြည်သူ့ သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၃

မန္တလေးတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ ရက်တွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်း မော်တော်ယာဉ်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာများ ရှင်းလင်းတင်ပြကြကာ တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးသည် ကျောက်တိုင်အားကစားကွင်း၌ ကျင်းပသော တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ခေါင်းစက်ရုံ (နေပြည်တော်)တည်ဆောက်ပြီးစီးမှုနှင့် နေပြည်တော်ဘူတာ ဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း နေပြည်တော် ဘူတာကြီး အရှေ့ဘက်ရှိ စက်ခေါင်း စက်ရုံ(နေပြည်တော်) တည်ဆောက်ရေး လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။
(ရထား)

နေပြည်တော် ဩဂုတ် ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ဘူတာကြီး အရှေ့ဘက်ရှိ စက်ခေါင်းစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ခေါင်းစက်ရုံတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှုနှင့် လျှပ်စစ်) ဦးထွန်းဦးက စက်ခေါင်းစက်ရုံတည်ဆောက်ပြီးစီးမှု၊ စက်ခေါင်း၊ တွဲများ နေ့စဉ် ပြုပြင်မွမ်းမံမည့် အစီအစဉ်နှင့် အပတ်စဉ်၊ လစဉ် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးများက စက်ခေါင်းစက်ရုံနှင့် စပ်လျဉ်း၍ ပြင်ဆင်ထားရှိမှုနှင့် စက်ရုံတည်ဆောက် ပြီးစီးမှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် ဝန်ကြီးက ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် ခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် လိုရာခရီးသို့ သွားရောက်နိုင်ရေးအတွက် စက်ခေါင်းများ ချွတ်ယွင်းပျက်စီးမှု မရှိစေရေးနှင့် တွဲများ သန့်ရှင်းသပ်ရပ်ကောင်းမွန်ရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်၊ စက်ခေါင်း၊ တွဲ ချွတ်ယွင်းမှုရှိက အမြန်ဆုံးပြုပြင်၍ အမြန်ဆုံးပြန်လည် ပြေးဆွဲနိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိရန်၊ ကျွမ်းကျင်ဝန်ထမ်းများ နေ့ရောညပါ အသင့်ရှိစေရန်တို့ကို မှာကြားပြီး နေပြည်တော်ဘူတာ ယာဒ်ဝင်းအတွင်း ခရီးသည်များ နားနေရန် တိုးချဲ့ဆောင်ဆောက်လုပ်ပြီးစီးမှု၊ ရထားလက်မှတ်ရောင်းချမှု၊ ဘူတာယာဒ်ဝင်းအတွင်း သန့်ရှင်းမှု၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကွင်းဆင်း ဟောပြော

နေပြည်တော် ဩဂုတ် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်ဦးဆောင်၍ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်၊ မော်လမြိုင်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ဆွေ၊ ချောင်းဆုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းနှင့် ကလေးငယ်များအား ကွင်းဆင်းဆေးကုသရေးကို ဇူလိုင် ၂၃ ရက်တွင်ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာ တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောပြီး ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးအဖွဲ့မှ ဒေါက်တာ စည်သူရဲနောင်နှင့် ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ဝင်းဝင်းမြင့်တို့က ကျန်းမာရေးအသိပညာပေး ဟောပြောကြသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ထောင် ဆေးစိမ်နည်းကို လက်တွေ့သရုပ်ပြသပြီး တက်ရောက်လာသူများအား ဆေးစိမ်ဆေးပြားအလုံး ၃၅၀ကို ပေးအပ်ကြကာ မုရစ်ကလေးကျေးရွာအတွင်းရှိ ရောဂါဖြစ်ပွားသူကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးကြသည်။

ယင်းနောက် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ထမ်းများနှင့် အတူ မုရစ်ကလေးကျေးရွာအတွင်းရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ်၌ ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ရေစီးရေလာအခြေအနေ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ ခိုင်ရွှေဝါ (ဗဟို) လမ်း၌ ကွန်ကရစ် လမ်းချောခင်းနေမှုနှင့် ပြီးစီးမှု၊ လမ်းဘေးရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် မြေအောက်ရေနုတ်မြောင်း ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ အလေးထားလုပ်ဆောင်ရေး မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၂)ကမာရွတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဩဂုတ် ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

✻ ရွှေဖုံးမှ

စိတ်ပါဝင်စားမှုသည် ဗီဇ၊ ပါရမီ၊ ဝါသနာတို့နှင့် တိုက်ရိုက်ပတ်သက်နေသည်။ စိတ်ပါဝင်စားမှုဆိုရာတွင် စိတ်ပါမှုဝင်စားနိုင်သည်ဆိုသော သဘောတရားကို ဖော်ပြနေပါသည်။ လူတစ်ယောက်၏ အောင်မြင်မှု၊ ကျော်ကြားမှု၊ ထူးချွန်မှုတို့သည် ကံကောင်းထောက်မ၍ ရရှိလာခြင်းမဟုတ်ပါ။ ၎င်း၏ စိတ်ပါဝင်စားမှုနှင့် ကြိုးစားအားထုတ်မှုအတိမ်အနက်ကြောင့် ရရှိ ခံစားရခြင်းဖြစ်သည်။ စိတ်ပါဝင်စားမှုနက်ရှိုင်းသလောက် အောင်မြင်မှု၊ ထူးချွန်မှု၊ ပေါက်မြောက်မှုတို့သည်လည်း အထွတ်အထိပ်သို့ ရောက်နိုင်ပေသည်။ လူတစ်ယောက်၏ စိတ်ပါမှု(Interest)နှင့် ဝင်စားမှု(Concentration) တို့သည် ၎င်း၏ရွေးချယ်သည့် ဘာသာရပ်နှင့် လုပ်ငန်းအောင်မြင်မှုအတွက် အဓိကမဏ္ဍိုင်တွေဖြစ်နေသည်။ စိတ်ပါဝင်စားမှုမရှိသော ဘာသာရပ်တစ်ခုကို ရွေးချယ်မိသော ကျောင်းသားတစ်ယောက်သည် အချိန်တန်လျှင် ဘွဲ့ရသွားမည်။ ပြီးလျှင် သာသာရပ်နှင့်မသက်ဆိုင်သော အသက်မွေးဝမ်းကျောင်းတစ်ခုကို ရွေးချယ်၍ ဘဝကို ပုံဖော်သွားမည်။ ဤသို့ဆိုလျှင် အဆိုပါကျောင်းသားအတွက် တက္ကသိုလ်ပညာ လာရောက်သင်ကြားမှုသည် အချိန်ကုန်၊ ငွေကုန်ဖြစ်သွားပြီး ဘဝအတွက် ရာနှုန်းပြည့် အထောက်အကူမဖြစ်ဟု အကြမ်းဖျင်းသုံးသပ်၍ ရနိုင်သည်။ အကယ်၍သာ အဆိုပါကျောင်းသား၏ ဗီဇ၊ ပါရမီ၊ ဝါသနာအပေါ် အခြေခံရွေးချယ်ခဲ့ပါက ဘွဲ့ရပြီးနောက် ပညာရပ်ကို အသုံးချသွားနိုင်ပေမည်။ ထိုသို့ အသုံးချနေရင်း ဆင့်ကဲဆင့်ကဲ လေ့လာဆည်းပူးခြင်းဖြင့် ဘွဲ့ဒီဂရီရရှိခဲ့သူ ဘဝမှ ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်၊ ပညာတတ်တစ်ဦးအဖြစ် ထူးချွန်ပြောင်မြောက်စွာ ပေါ်ထွက်လာနိုင်သည်။

ထို့ကြောင့် ဘာသာရပ်ရွေးချယ်မှု မမှန်ကန်ခဲ့ပါက **တစ်ဘဝလုံးအတွက် ဆုံးရှုံးနစ်နာမှုဖြစ်ရပေမည်။** ရွေးချယ်မှုမှန်ကန်ခြင်းဆိုသည်မှာ ကာယကံရှင်၏ ပင်ကိုဗီဇနှင့် ကိုက်ညီသောဘာသာရပ်ကို ရွေးချယ်နိုင်ခြင်းကို ဆိုလိုပါသည်။ ယခုအခါတွင် အချို့သော ရွေးချယ်နေမှုများသည် ရရှိသောအမှတ်ကိုသာအခြေခံ၍ စဉ်းစားဆုံးဖြတ်နေကြခြင်းဖြင့် ပင်ကိုဗီဇ၊ ပါရမီနှင့် မွေးရာပါတန်ဖိုးများကို မျက်ကွယ်ပြုရာ ရောက်နေပါသည်။ ကျောင်းသားများ၏ ရွေးချယ်မှုအပေါ် မိဘများက လွှမ်းမိုးထားသည်ကိုလည်း တွေ့မြင်ကြားသိနေရပါသည်။ မိဘများသည် သားသမီးများ၏ ဘာသာရပ်ရွေးချယ်မှုကိစ္စတွင် ရမှတ်နှင့် ပတ်ဝန်းကျင် အထင်အမြင်ကြီးမှုကိုသာ အလေးပေးစဉ်းစားနေကြပေသည်။ ဤသို့ဖြစ်နေရခြင်းမှာ သားသမီး၏ ပင်ကိုဗီဇ၊ ပါရမီ၊ ဝါသနာကို လျစ်လျူပြုခြင်း၊ ပတ်ဝန်းကျင်၏ အထင်ကြီးမှုကို ခံလိုခြင်း၊ သားသမီး၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် အခြေခံသဘာဝကို မလေ့လာခြင်းတို့ကြောင့် ဖြစ်ရသည်ဟု သုံးသပ်မိပါသည်။

မိမိ လုံးဝဝါသနာမပါသော ဘာသာရပ်ကို မိဘက ရွေးချယ်ပေးသဖြင့် မလွန်ဆန်နိုင်ဘဲ သင်ယူနေရသော ကျောင်းသားများ ရှိနေပါသည်။ သို့ဖြစ်၍ ကျောင်းတက်နေစဉ်တွင်လည်း ကျောင်းစာတွင် မပျော်မွေ့၊ ဘွဲ့ရသောအခါတွင်လည်း လုပ်ငန်းခွင်ရွေးချယ်မှုနှင့် အသက်မွေးမှုလုပ်ငန်းတို့သည် မဆီမလျော်ဖြစ်သွားကြပါသည်။ ဆေးပညာဖြင့် ဘွဲ့ရခဲ့သော်လည်း ရုပ်ရှင်၊ ဂီတလုပ်ငန်းဖြင့် အသက်မွေးနေသူများ၊ အင်ဂျင်နီယာဖြင့် ဘွဲ့ရခဲ့သော်လည်း ပန်းချီ၊ ကာတွန်းရေးဆွဲနေသူများ စသဖြင့် ဘွဲ့ဒီဂရီနှင့် အသက်မွေးမှု သီးခြားစီဖြစ်နေသော လူငယ်၊ လူလတ်၊ လူကြီး အများအပြားကို နေရာအနှံ့တွင် တွေ့မြင်နေရပါသည်။ ဤကဲ့သို့ ဟပ်စပ်မှုမရှိသော ပညာသင်ကြားမှုသည် သက်ဆိုင်ရာ ကျောင်းသားအပေါ် ထိခိုက်ရုံမက တိုင်းပြည်အတွက်ပါ ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ တက္ကသိုလ်၊ ကောလိပ်ဆိုသည်မှာ ကျောင်းသားလူငယ်များအတွက် ဘဝလုံခြုံမှုရှိစေမည့် အသိပညာ၊ အတတ်ပညာ၊ လူမှုပညာတို့ကို ဖြည့်ဆည်းလမ်းညွှန်ပေးသော နေရာဖြစ်ပါသည်။

ပြင်ပ ပညာရှင် ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ဆရာကြီး ဦးသောင်းဟန်တို့ ပန်းချီအထူးပြုဘာသာရပ် သင်ကြားပို့ချစဉ်။

ယခုအခါတွင် မြန်မာနိုင်ငံ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကြီးတစ်ခုအား ၁၉၉၃ ခုနှစ်က စတင်၍ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ တက္ကသိုလ်၏ သက်တမ်းရလာသည်နှင့်အမျှ အရည်အသွေးမီ ဘွဲ့ရများကို ပိုမို၍ မွေးထုတ်လာနိုင်ပြီဖြစ်ပါသည်။ “မြန်မာ့သုခုမအနုပညာ တိုးတက်ပြန့်ပွားရေးနှင့် ထူးချွန်သော အနုပညာရှင်များ ပေါ်ထွန်းရေးတို့အတွက် သုတေသနနှင့် လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်” ဟူသော ရည်မှန်းချက်နှင့်အညီ ၂၀၀၁ ခုနှစ်တွင် မန္တလေးမြို့၌ ထပ်မံဖွင့်လှစ်ခဲ့ပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုဟူ၍ အထူးပြုဘာသာရပ် လေးခု သင်ကြားပေးလျက်ရှိပါသည်။ ၂၀၀၇ ခုနှစ်မှစတင်၍ ရုပ်ရှင်နှင့် ပြဇာတ်ပညာ အထူးပြုဘာသာရပ်ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် တိုးချဲ့ သင်ကြားပေးလျက်ရှိပါသည်။ စာပေဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သိပ္ပံ၊ ပထဝီဝင်၊ သင်္ချာ၊ သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုသမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ ရသပညာ၊ အရှေ့တိုင်းပညာ စသည့် ဘာသာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ အထူးပြုပညာဌာနများတွင် သီးခြားအသေးစိတ်သင်ကြားပေးသော ဘာသာရပ်များ ထပ်မံပါရှိပါသည်။ ဥပမာအားဖြင့် ပန်းချီအထူးပြုပညာဌာနတွင် ပန်းချီနည်းပညာ၊ မြန်မာ့ရိုးရာပန်းချီ၊ ပန်းချီခန္ဓာဗေဒ၊ ဒီဇိုင်း(ကွန်ပျူတာအသုံးပြု ပုံဆွဲနည်းပညာ)၊ ပန်းချီပညာသမိုင်း၊ ရသပန်းချီ၊ အခြေခံပုံဆွဲပညာ၊ လုပ်ငန်းပန်းချီ စသည့် အပိုင်းအလိုက်၊ ကဏ္ဍအလိုက်ခွဲခြား၍ သင်ကြားပေးပါသည်။ အလားတူ ဂီတအထူးပြုပညာဌာန၊ သဘင်အထူးပြုပညာဌာန၊ ပန်းပုအထူးပြုပညာဌာန၊ ရုပ်ရှင်နှင့် ပြဇာတ်အထူးပြုပညာဌာန စသည်တို့တွင်လည်း အသေးစိတ် အထူးပြု သင်ကြားပေးလျက်ရှိပါသည်။



ပြင်ပ ပညာရှင် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်မို့မို့မြင့်အောင် ရုပ်ရှင်နှင့် ပြဇာတ်ပညာအထူးပြုဘာသာရပ် ဟောပြောပို့ချစဉ်။

ဝိဇ္ဇာဘွဲ့ရရှိသည်အထိ သုံးနှစ်သတ်မှတ်ထားပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ဆိုပါက လေးနှစ် သတ်မှတ်ထားပါသည်။ ဝိဇ္ဇာဘွဲ့အပြင် ဒီပလိုမာသင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ တက္ကသိုလ်ဝင်ခွင့် အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူများအား ဝင်ခွင့်စိစစ်ရေးအဖွဲ့က တစ်ဦးချင်း တွေ့ဆုံဆွေးနွေးပြီး အနုပညာ ပင်ကိုအရည်အသွေး၊ အနုပညာဗီဇနှင့် ဝါသနာတို့အပေါ် မူတည်၍ ရွေးချယ်ပါသည်။

သဘင်အထူးပြုပညာဌာန၌ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ကပြ တင်ဆက်စဉ်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် စဉ်းစားနေသော ကျောင်းသား၊ ကျောင်းသူများ အနက်မှ အနုပညာဗီဇရှိသူ၊ ဝါသနာရှိသူများအတွက် အဓိကထား၍ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း ဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် တည်ရှိပြီး ၅၂ ဧက ကျယ်ဝန်းသောမြေပေါ်တွင် စာသင်ဆောင်များ၊ လက်တွေ့ခန်းများနှင့် စတူဒီယို စသဖြင့် စနစ်တကျဖွဲ့စည်း တည်ဆောက်ထားပါသည်။ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံဘုရားအနီးတွင် တည်ရှိပြီး အကျယ်အဝန်း ၄၁ ဧကခန့် ရှိပါသည်။ အနုပညာဘာသာရပ်များကို နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ နည်းပညာများ၊ သင်ကြားမှုအထောက်အကူ ပစ္စည်းများနှင့် ပညာရှင်ဆရာ၊ ဆရာမများက သင်ကြားပို့ချလျက်ရှိပါသည်။ ရိုးရာအနုပညာများကို ဖော်ထုတ်သင်ကြားနေသကဲ့သို့ နိုင်ငံတကာ အနုပညာ ဘာသာရပ်များအတွက်လည်း ဆရာများကို ပြည်ပတက္ကသိုလ်များသို့ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့များ စေလွှတ်သင်ကြားစေပြီး ပြန်လည်သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတကာတွင် အနုပညာရှင်များ၏ စွမ်းအား၊ တန်ဖိုးနှင့် အခန်းကဏ္ဍသည် လွန်စွာ ရှေ့တန်းရောက်လာလျက် ရှိပါသည်။ ဥပမာ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းဆိုပါက ကြီးမားသော စီးပွားရေးဈေးကွက်ကြီးကို ရရှိထားပြီး လူမျိုးအားလုံး၏အာရုံကို လွှမ်းမိုးထားနိုင်ကြောင်း မြင်တွေ့နေရပါသည်။ ကမ္ဘာတစ်ဝန်းတွင် ဂလိုဘယ်လိုက်ဇေးရှင်းခေတ် ဖြစ်လာသဖြင့် အနုပညာဖန်တီးမှုများအတွက် ဖြန့်ချိရေးကိစ္စသည် လွန်ခဲ့သော ခေတ်ကာလများကဲ့သို့ မခဲယဉ်းတော့ပါ။ မိနစ်ပိုင်းအတွင်း ဖြန့်ချိနိုင်သော မီဒီယာနည်းပညာများ ပေါ်ပေါက်လာပြီဖြစ်ပါသည်။ နိုင်ငံတကာတွင် နေ့စဉ်နှင့်အမျှ အရှိန်အဟုန်နှင့် တိုးတက်ဖွံ့ဖြိုးနေသည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် အရေးအရာအားလုံးတွင် အနုပညာရှင်များ၏ အခန်းကဏ္ဍသည် အဓိကကျလျက်ရှိပြီး အရေးပါနေကြောင်း တွေ့မြင်နေရပါသည်။ တစ်ကမ္ဘာလုံးက စိတ်ဝင်စားလှသော ကမ္ဘာ့ဖလားဘောလုံးပွဲ၏ ဖွင့်ပွဲတွင်လည်း အဆို၊ အက၊ အနုပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိနေပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသော ကျောင်းသားများ၏ မိဘများကိုလည်း ဘာသာရပ်ရွေးချယ်မှုနှင့်ပတ်သက်၍ အကြံပြုလိုပါသည်။ မိမိကလေး၏ ဗီဇနှင့် ပါရမီသည် အနုပညာဘက်တွင် ထူးခြားထက်သန်နေပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ ပို့ဆောင်ပေးရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ပါရမီရှင်များကို နိုင်ငံကျော်၊ ကမ္ဘာကျော် အနုပညာရှင်များအဖြစ်သို့ ရောက်ရှိသွားနိုင်စေရန် စနစ်တကျ ပြုစုပျိုးထောင်နေသော နေရာရပ်ဝန်းသို့ ပို့ဆောင်ပေးရန် လိုအပ်ပါသည်။ အနုပညာဗီဇပါရှိသော ကလေးတစ်ဦးအား အောင်မြင် ထူးချွန်သော အနုပညာရှင်တစ်ဦး ဖြစ်လာစေရန် စနစ်တကျ အားထုတ်ကြိုးပမ်းနိုင်သော အခွင့်အရေးများ ရှိနေပြီဖြစ်ပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ပါရမီရှင်၊ ဝါသနာရှင် သစ်လွင်မောင်မယ်များကို နွေးထွေးစွာဖြင့် လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း အသိပေး တိုက်တွန်းအပ်ပါသည်။ ။

သဘင် အထူးပြုဘာသာရပ်၌ ကျောင်းသူများ အက လေ့ကျင့်နေကြစဉ်။

ပန်းပု အထူးပြုဘာသာရပ်၌ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ ပန်းပုထုလုပ်စဉ်။

အထက်မြန်မာပြည် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ(မန္တလေးဇုန်) အမျိုးသားဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ(မန္တလေးဇုန်) အမျိုးသားဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို မန္တလေးတက္ကသိုလ်အားကစားရုံ (Open Shed)၌ နံနက် ၉ နာရီမှစ၍ ဆက်လက်ကျင်းပရာ ရတနာပုံတက္ကသိုလ်အသင်းက မြစ်ကြီးနားတက္ကသိုလ်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ်အသင်းက မန္တလေးတက္ကသိုလ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဗန်းမော်တက္ကသိုလ်အသင်းက မန္တလေးနိုင်ငံခြားတက္ကသိုလ်အသင်းကို သုံးပွဲ- နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိသွားကြကြောင်းနှင့် အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များကို ဩဂုတ် ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေတ္တာဗြူဟာအဖွဲ့ သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

မေတ္တာဗြူဟာအဖွဲ့မှ ကြီးမှူးကျင်းပသည့် အကြိမ် (၁၁၀)မြောက် ဒါနဥပပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းမဏ္ဍပ်ရုံကြီး၌ ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူတိုင်း လာရောက်သွေးလှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရုရှားနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီတွင် လေကြောင်းချီတပ်ဖွဲ့ ဖွဲ့စည်းခဲ့သည့် နှစ် (၈၀) ပြည့် အထိမ်းအမှတ်အဖြစ် ရုရှားလေကြောင်းချီတပ်ဖွဲ့ဝင်များ စစ်ရေးပြချီတက်နေသည်ကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂွါန်အက်ဖ်ကနေဒီလေဆိပ် လေယာဉ်ဆီသိုလှောင်ကန်များကို ဖောက်ခွဲရန် ကြံစည်သူ နှစ်ဦး အမေရိကန်နိုင်ငံ၌ တရားစွဲ

နယူးယောက် ဩဂုတ် ၃

အမေရိကန်ပြည်ထောင်စု ဂွါန်အက်ဖ်ကနေဒီအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လေယာဉ်ဆီသိုလှောင်ကန်များကို ဖောက်ခွဲရန် ကြံစည်ခဲ့သော လေဆိပ်ဝန်ထမ်းဟောင်းတစ်ဦးနှင့် အမေရိကန်နိုင်ငံသားအဖြစ်ခံယူထားသူတစ်ဦးကို ဩဂုတ် ၂ ရက်က တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြသည်။

ရပ်ဆဲလ်ဒီဖရိုက်တက်စ်ဆိုသူ ဂွါန်အက်ဖ် ကနေဒီလေဆိပ်ဝန်ထမ်းဟောင်းနှင့် အဗ္ဗဒူခါဒါဆိုသူ နှစ်ဦးသည် လေဆိပ်လေယာဉ်ဆီ သိုလှောင်ကန်များကို ဖောက်ခွဲကာ ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု နောက်ပိုင်း အကြီးကျယ်ဆုံး အကြမ်းဖက်တိုက်ခိုက်မှုကို လုပ်ဆောင်ရန် ကြံစည်ခဲ့ကြောင်း အမေရိကန် အာဏာပိုင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံ တရားဥပဒေဘက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့နှစ်ဦးသည် လေယာဉ်ဆီသိုလှောင်ကန်များနှင့် မြေအောက်လောင်စာဆီပိုက်လိုင်းများကို ဖောက်ခွဲကာ လူထောင်ပေါင်းများစွာကို သေဆုံးစေရန်နှင့် နယူးယောက်မြို့တော်၏ စီးပွားရေးလည်ပတ်မှုကို ဖျက်ဆီးရန် ရည်ရွယ်ထားကြောင်း စွဲချက်တင်ထားသည်။

အလင်းရောင် စီမံချက်ဟု အမည်ဝှက်ပေးထားသော အကြမ်းဖက်တိုက်ခိုက်မှု စီမံကိန်းနှင့် ပတ်သက်၍ သတင်းပေါက်ကြားမှုများ ဖြစ်ပွားခဲ့ပြီးနောက် ၎င်းတို့နှစ်ဦးကို ၂၀၀၇ခုနှစ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အင်တာနက်။

အစ္စရေးနှင့် ဂျော်ဒန်ကို ဒုံးကျည်များဖြင့် ပစ်ခတ်ရာတွင် ပါဝင် ပတ်သက်ဖွယ်ရှိသည်ဆိုမှု ဟားမားစ်အဖွဲ့ ငြင်းဆို

ဂါဇာစီးတီး ဩဂုတ် ၃

အစ္စရေးနိုင်ငံ အီလက်မြို့နှင့် ဂျော်ဒန်နိုင်ငံ အကာဘာမြို့တို့ကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ဟားမားစ်အဖွဲ့က အင်္ဂါနေ့တွင် ငြင်းဆိုလိုက်သည်။ ယင်းတိုက်ခိုက်မှုများကြောင့် ဂျော်ဒန်နိုင်ငံသား တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဒုံးကျည်များကို ဆိုင်းနိုင်းကျွန်းဆွယ်ဒေသမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဒေသသည် ဟားမားစ်အကြမ်းဖက်သမားများနှင့် အခြားအကြမ်းဖက်အုပ်စုများ ခိုအောင်းရာနေရာဖြစ်ကြောင်း အစ္စရေးတို့က တနင်္လာနေ့က စွပ်စွဲပြောကြားခဲ့သည်။

မည့်သည့် အကြမ်းဖက်အဖွဲ့အစည်းကမျှ ယင်းဒုံးကျည်ပစ်ခတ်မှုများနှင့် ပတ်သက်၍ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ ယင်းဒုံးကျည်များကို မည်သူတို့က ပစ်ခတ်သည်ကို အစ္စရေးတို့ သိရှိကြောင်း ဟားမားစ်လက်နက်ကိုင်အုပ်စုက ပြောကြားသည်။

ဟားမားစ်အဖွဲ့သည် စစ်ရေးပဋိပက္ခများကို မလိုလားကြောင်း၊ သို့ရာတွင် အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသကို တိုက်ခိုက်နိုင်ရန် အကြောင်းရှာလျက်ရှိကြောင်း ဟားမားစ်အဖွဲ့က ပြစ်တင်စွပ်စွဲသည်။

ဆိုင်းနိုင်းကျွန်းဆွယ်မှ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အစ္စရေးတို့၏ ပြောကြားမှုကို အီဂျစ်နိုင်ငံကလည်း ငြင်းဆိုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

ရုရှားလေကြောင်းချီတပ်ဖွဲ့များ ဖွဲ့စည်းသည့် နှစ် ၈၀ ပြည့် အခမ်းအနား မော်စကိုတွင် ကျင်းပ

မော်စကို ဩဂုတ် ၃

ရုရှားနိုင်ငံ၏ လေကြောင်းချီတပ်ဖွဲ့များ စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် နှစ် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် ရာပေါင်းများစွာသော ရုရှားလေထီးတပ်ဖွဲ့ဝင်များသည် တနင်္လာနေ့က မော်စကိုမြို့တော်ရင်ပြင်နီတွင် စစ်ရေးပြချီတက်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

၆၀၀နီးပါးမျှသော ရုရှားလေကြောင်းချီတပ်ဖွဲ့ဝင်ဟောင်းကြီးများသည် လေကြောင်းချီတပ်ဖွဲ့၏ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလေ့ရှိရာ ဂေါ်ကီပန်းခြံတွင် စုရုံးခဲ့ကြပြီး မြို့တော်တွင်း ပြေးဆွဲနေသော အငှားယာဉ်မောင်းများကလည်း လေထီးတပ်ဖွဲ့ဝင်အလံဖြစ်သည့် အပြာရောင်အလံများကို ဝှေ့ယမ်းဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

သဝဏ်လွှာပေးပို့

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ရုရှားလေကြောင်းချီတပ်ဖွဲ့များ၏ သမိုင်းတွင်မည့် စစ်ရေးတာဝန်ထမ်းဆောင်ခဲ့မှုများကို ချီးကျူးခဲ့ပြီး ဂုဏ်ပြုသဝဏ်လွှာတစ်စောင်ပေးပို့ခဲ့သည်။

ရုရှားလေကြောင်းချီတပ်ဖွဲ့များသည် ယခင်က ရုရှားလေတပ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှ စ၍ သီးခြားတပ်ဖွဲ့အဖြစ်ရပ်တည်ခဲ့သည်။ လေကြောင်းချီတပ်ဖွဲ့၏ လေ့ကျင့်ရေးကျောင်းသည် မော်စကိုမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀၀အကွာရှိ ရီဇန်မြို့တွင် တည်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီးကုမ္ပဏီတစ်ခု ငါးမန်းသုံးသိန်းခန့် တရားမဝင်ဖမ်းဆီး

ရီယိုဒီဂျနေရီး ဩဂုတ် ၃

အာရှ ငမန်းတောင်ဟင်းချို အစားအသောက်ဈေးကွက်ကို တင်သွင်းရန် ဘရာဇီးပင်လယ်စာ တင်ပို့ရေးကုမ္ပဏီတစ်ခုက ဘရာဇီးကမ်းလွန်ရေပြင်တွင် ငါးမန်းကောင်ရေ သုံးသိန်းနီးပါးခန့်ကို တရားမဝင် ဖမ်းဆီးခဲ့ကြောင်း ဩဂုတ် ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ဘရာဇီးပင်လယ်စာ တင်ပို့ရေးကုမ္ပဏီသည် ငါးမန်းများကို ဖမ်းဆီးပြီး ငါးမန်းတောင်များကိုသာ ဖြတ်ယူကာ ကျန်အကြွင်းအကျန်များကို ရေထဲသို့ ပြန်လည် စွန့်ပစ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းကုမ္ပဏီသည် ၂၀၀၉ခုနှစ်ကတည်းကစ၍ ဘရာဇီးနိုင်ငံ အရှေ့မြောက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်၌ ငါးမန်းကောင်ရေ နှစ်သိန်းကိုးသောင်းကျော်ကို တရားမဝင် ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။

ယင်းသို့ တရားမဝင် အလွန်အကျွံ ငါးဖမ်းဆီးမှုများကြောင့် သမုဒ္ဒရာရေပြင်၏ ဂေဟစနစ်သည် ပြန်လည်ပြုပြင်၍ မရနိုင်သည့် ထိခိုက်မှုများ ဖြစ်ပွားခဲ့ရာ အဆိုပါကုမ္ပဏီထံမှ လျော်ကြေးငွေဒေါ်လာ သန်း ၇၉၀ ရရှိရန် ဥပဒေကြောင်းအရ ဆောင်ရွက်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

တောင်ကြားသုံးသွယ်ဆည်ကြီး၏ ရေတံခါးများ အမှိုက်များ ပိတ်ဆို့နိုင်ဖွယ်ရှိ

ပေကျင်း ဩဂုတ် ၃

ရေလွှမ်းမိုးမှုများကြောင့် ယန်စီမြစ်အတွင်း မျောပါနေသော အမှိုက်ပုံကြီးများသည် တရုတ်နိုင်ငံ၏ တောင်ကြားသုံးသွယ်ဆည်ကြီး၏ ရေတံခါးများကို ပိတ်ဆို့နိုင်ဖွယ်ရှိကြောင်း တရုတ်သတင်းမီဒီယာများက တနင်္လာနေ့တွင် ဖော်ပြသည်။

တောင်ကြားသုံးသွယ်ဆည်ကြီးတည်ရှိရာ ဧရိယာအတွင်း ပမာဏအလွန်ကြီးမားသော အမှိုက်သရိုက်အစုအဝေးကြီးသည် ဆည်ကြီး၏ ပင်မရေထိန်းတံခါးကို ပိတ်ဆို့နိုင်ဖွယ်ရှိကြောင်း ဆည်ကြီး၏ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အကယ်၍ ဆည်ကြီး၏ ရေတံခါးများကို အမှိုက်များ ပိတ်ဆို့ခဲ့ပါက ယန်စီမြစ်အတွင်း သွားလာနေသော သင်္ဘောရေလမ်းကြောင်းများကို ထိန်းချုပ်သည့် ရေတံခါးပေါက်များကို ခက်ခဲစွာ အဖွင့်အပိတ် လုပ်ရမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ မိုးသည်းထန်၍ ရေလွှမ်းမိုးမှုများကြောင့် သစ်ကိုင်းများ၊ ပလတ်စတစ်ဘူးခွံများနှင့် အခြားအမှိုက်သရိုက်များသည် ရေနှင့်အတူ မြစ်ရေစီးတွင် မျောပါလျက်ရှိရာ နေ့စဉ် အမှိုက်တန်ချိန် ၃၀၀၀နီးပါးခန့်ကို တောင်ကြားသုံးသွယ် ဆည်ကြီးတာဝန်ရှိသူများက ဆယ်ယူနေရသည်။

အင်တာနက်။

တရုတ်နိုင်ငံ၏ အကြီးဆုံး တောင်ကြားသုံးသွယ် ဆည်ကြီးနှင့် ယန်စီမြစ်အတွင်း ရေလွှမ်းမိုးမှုများကြောင့် မျောပါနေသော အမှိုက်များကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ဘဏ်စားပြတိုက်မှုဖြစ်ပွား

မာဇာအီရှာရစ်ဖ်(အာဖဂန်နစ္စတန်) ဩဂုတ် ၃

အာဖဂန်နစ္စတန်နိုင်ငံရှိ ထင်ရှားသော ပုဂ္ဂလိကဘဏ်ဖြစ်သည့် ကဘူးဘဏ်၏ ဘဏ်ခွဲတစ်ခုကို ဩဂုတ် ၃ ရက်က သောင်းကျန်းသူများ စီးနင်းပြီး လုံခြုံရေးအစောင့် ခြောက်ဦးအား သတ်ဖြတ်ကာ ငွေများ လုယူသွားကြောင်း ယင်းဘဏ်တာဝန်ရှိသူတစ်ဦးက ပြော ကြားသည်။

ဓားပြများက ဓားများကို အသုံးပြုတိုက်ခိုက်ခြင်းကြောင့် ဘဏ်လုံခြုံရေးအစောင့်ခြောက်ဦး သေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဓားပြများသည် ဘဏ်အဆောက်အအုံနောက်ဘက်မှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဘဏ်ခွဲတာဝန်ခံက ပြောကြားသော်လည်း ဖြစ်ပွားပုံ အသေးစိတ် ပြော ကြားခြင်းမရှိချေ။

ဓားပြများသည် အဆိုပါဘဏ်မှ အမေရိကန်ဒေါ်လာ ၆၉၀၀၀ကျော်နှင့် အာဖဂန်နစ္စတန်၌ သုံးစွဲသော ငွေကြေးဖြစ်သည့် အာဖဂန်နီငွေ ၃ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၇၅၀၀၀ခန့်) လုယူသွားခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နေတိုးတပ်ဖွဲ့၏ ကန်ဒါဟာလေဆိပ်စစ်စခန်း တာလီဘန်အသေခံ တိုက်ခိုက်ရေးသမားများ ဝင်တိုက်

ကန်ဒါဟာ ဩဂုတ် ၃

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ အကြီးဆုံး အမေရိကန်စခန်းတစ်ခုကို တာလီဘန်အသေခံ တိုက်ခိုက်ရေးသမားအဖွဲ့တစ်ဖွဲ့က ဗုံးများ၊ ဒုံးကျည်များ အသုံးပြုကာ အင်္ဂါနေ့က တိုက်ခိုက်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့များက စစ်အခြေစိုက် စခန်းအဖြစ် အသုံးပြုနေသော ကန်ဒါဟာလေဆိပ်၌ ဖြစ်ပွားသည့် တိုက်ပွဲသည် တစ်နာရီမျှ ကြာမြင့်ခဲ့ပြီး နိုင်ငံခြားတပ်ဖွဲ့ဝင် တစ်ဦးနှင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တာလီဘန် အသေခံတိုက်ခိုက်ရေးသမားများက သံဆူးကြိုး အကာအရံများကို ကျော်ဖြတ်၍ စစ်စခန်းအတွင်း ဝင်ရောက်နိုင်ရန် လမ်းရှင်းပေးသည့် အနေဖြင့် စစ်စခန်း၏ ဝင်ပေါက်အတား အဆီးများ အပြင်ဘက်၌ အသေခံဗုံးခွဲ သမားနှစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ကြကြောင်း ကန်ဒါဟာ ပြည်နယ်တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

သို့ရာတွင် တာလီဘန် စစ်သွေးကြွများသည် ကန်ဒါဟာစစ်စခန်းအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ခြင်းမရှိကြောင်း နေတိုးတပ်ဖွဲ့သတင်းထုတ်ပြန်ရေးရုံးက အတည်ပြု ပြောကြားသည်။

တာလီဘန်များနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ကန်ဒါဟာ စစ်စခန်းကို အခိုင်အမာပိတ်ဆို့ခဲ့ရပြီး စခန်းတွင်းရှိ အရပ်သားအလုပ်သမားများစွာကို ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ကန်ဒါဟာလေဆိပ် စစ်စခန်းသည် ကန်ဒါဟာပြည်နယ်၌ စစ်သွေးကြွများကို ရင်ဆိုင်တိုက်ခိုက်နေရသော နေတိုးတပ်ဖွဲ့များ၏ အဓိကစစ်စခန်းဖြစ်ပြီး တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ စခန်းချတပ်စွဲထားသော စစ်စခန်းဖြစ်သည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား ပြည်နယ်လွှတ်တော်အမတ်တစ်ဦးအပါအဝင် ၄၆ ဦးသေဆုံး၍ ၁၂၃ဦး ဒဏ်ရာရ

ကရာချိ ဩဂုတ် ၃

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ တနင်္လာနေ့တွင် ပြည်နယ်လွှတ်တော်အမတ်တစ်ဦး လုပ်ကြံခံရပြီးနောက် နောက်ဆက်တွဲဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၄၆ ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန်အာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

မီးရှို့ဖျက်ဆီး

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့များက ကရာချိမြို့အခြေအနေကို မထိန်းချုပ်နိုင်မီ သေနတ်သမားများက မော်တော်ယာဉ် ဒါဇင်ပေါင်းများစွာနှင့် ဈေးဆိုင်များကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

တနင်္လာနေ့က ဆင်းဂ်ပြည်နယ်လွှတ်တော်အမတ် ရာဇာဟေဒါသည် ဝတ်ကျောင်းတစ်ခုသို့ ဝတ်ပြုရန် သွားရောက်စဉ် လုပ်ကြံသတ်ဖြတ်မှုခံခဲ့ရသည်။ ယင်းအဖြစ်အပျက်နောက်ပိုင်း သေနတ်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံပေါ်ပေါက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ကရာချိမြို့တွင်းရှိ ဆေးရုံများမှ တာဝန်ရှိသူများက အကြမ်းဖက်မှုများကြောင့် လူ ၄၆ဦး သေဆုံးပြီး ၁၂၃ဦးမျှ ဒဏ်ရာရရှိခဲ့ကြောင်း အင်္ဂါနေ့က အတည်ပြုသည်။

လူဦးရေ ၁၈သန်းကျော်ရှိသော ကရာချိမြို့သည် နိုင်ငံရေး၊ လူမျိုးရေးအရ ရှုပ်ထွေးသော သမိုင်းရှိပြီး အယ်လ်ခိုင်ဒါနှင့် တာလီဘန်စစ်သွေးကြွများ ခိုအောင်းရာ နေရာလည်းဖြစ်သည်။ ယင်းမြို့သည် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးဗဟို အချက်အချာဖြစ်သောကြောင့် မြို့တည်ငြိမ်ရေးသည် ပါကစ္စတန်နိုင်ငံအတွက် အလွန်အရေးကြီးကြောင်းသိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကရာချိမြို့ရှိ ကျောင်းများနှင့် ဆင်းဂ်ပြည်နယ် အတွင်းရှိ အများပြည်သူဆိုင်ရာ နေရာများကို ခေတ္တပိတ်ထားရန် ပါကစ္စတန်အစိုးရက ညွှန်ကြားထားသည်။ အကြမ်းဖက်မှုများကို လုပ်ဆောင်သူများသည် မည်သူမည်ဝါမှန်း မသိရသေးပေ။

ယင်းအကြမ်းဖက်မှုများနှင့် ပတ်သက်ဖွယ်ရှိသူ အနည်းဆုံး လူ ၁၀ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရဲတပ်ဖွဲ့နှင့် ပါကစ္စတန်အထူးတပ်ဖွဲ့များကို ကရာချိမြို့တော်အတွင်း ဖြန့်ကြက်ထားကြောင်း သိရသည်။

အင်တာနက်။

လက်ဘနွန်နှင့် အစ္စရေးတပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှု အဆုံးမသတ်သေးမီ အခြေအနေကို ငြိမ်သက်စေရန် ကြိုးပမ်းသည့်အနေဖြင့် လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂ ကြားခံတပ်ဖွဲ့ဝင်တစ်ဦး ကုလသမဂ္ဂအလံကို အစ္စရေးတပ်ဖွဲ့များအား ဝှေ့ယမ်းပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနှင့် လက်ဘနွန်တပ်ဖွဲ့ဝင်များ နယ်စပ်တွင် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား အစ္စရေးအမြောက်ကျည်များကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် သတင်းသမားတစ်ဦးသေဆုံး

ကဖာကီလာ (လက်ဘနွန်) ဩဂုတ် ၃

၂၀၀၆ ခုနှစ် စစ်ပွဲပြီးဆုံးပြီးနောက်ပိုင်း အဆိုးရွားဆုံး နယ်စပ်ပဋိပက္ခအဖြစ် အစ္စရေးနှင့်လက်ဘနွန်တပ်ဖွဲ့များအကြား ဩဂုတ် ၃ ရက်က အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမြောက်ကျည် ကျရောက်ပေါက်ကွဲမှုကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့်သတင်းစာဆရာတစ်ဦးသေဆုံးခဲ့ကြောင်း လက်ဘနွန်နိုင်ငံက ထုတ်ဖော်ပြောကြားသည်။

သတင်းထုတ်ပြန်

နှစ်နိုင်ငံအကြား တင်းမာမှုများကို လျှော့ချရန် ကုလသမဂ္ဂကတိုက်တွန်းခဲ့ပြီး အခြေအနေ ပြန်လည်ငြိမ်သက်ရေးအတွက် ကုလသမဂ္ဂအနေဖြင့် အစ္စရေးနိုင်ငံနှင့်ရော လက်ဘနွန်နိုင်ငံနှင့်ပါ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

သို့ရာတွင် လက်ဘနွန်နိုင်ငံမှမျက်မြင်သက်သေများ၏အဆိုအရနှစ်ဖက်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှု ပြီးဆုံးသွားပြီးနောက်ပိုင်း နာရီပေါင်းများစွာကြာသည်အထိ အစ္စရေးတပ်ဖွဲ့များက လက်ဘနွန်နိုင်ငံတွင်းသို့ အမြောက်များဖြင့် ကြိုးကြားကြိုးကြား ပစ်ခတ်ခဲ့ကြောင်း သိရသည်။ အစ္စရေးတို့က အမြောက်များဖြင့်ပစ်ခတ်မှုကြောင့် လက်ဘနွန်နယ်စပ်ရှိ အဒေးဆီးမြို့မှ လူနေအိမ်တစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း လက်ဘနွန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များ နယ်စပ်အနီးပုံမှန်ကင်းလှည့်တာဝန် ထမ်းဆောင်နေစဉ် လက်ဘနွန်တပ်ဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် အစ္စရေးတပ်ဖွဲ့ဝင်များကလည်း အမြောက်များဖြင့် ပြန်လည်တုံ့ပြန် ပစ်ခတ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်သည်။

လက်ဘနွန်ပိုင်နက်အတွင်းမှသစ်ပင်တစ်ပင်ကို အစ္စရေးတပ်ဖွဲ့ဝင်များက နုတ်ယူဖယ်ရှားရန် ကြိုးပမ်းသည်မှ အစပြု၍ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခ စတင်ပေါ်ပေါက်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

ရေဘေးဒုက္ခသည် မိသားစု၏ မွေးကင်းစကလေးကို လက်ဆင့်ကမ်းသယ်ဆောင်နေသော ပါကစ္စတန် တပ်ဖွဲ့ဝင်များ။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်ရေဘေးကြောင့် လူ ၃ ဒသမ ၂ သန်းခန့် အတိဒုက္ခရောက်နေကြရ လူ ၁၅၀၀ ကျော်သေဆုံးခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ လုံလောက်မှုမရှိ

ပက်ရှ်ဝါ ဩဂုတ် ၃

ပါကစ္စတန်နိုင်ငံ၌ ရက်သတ္တတစ်ပတ်နီးပါးကြာမျှအထိ ဖြစ်ပွားနေဆဲဖြစ်သည့် ရေဘေးသင့်မှုကြောင့် လူပေါင်း ၃ဒသမ ၂သန်းခန့်အထိ ဒုက္ခရောက်နေကြရပြီး ယင်းဒုက္ခသည်များအတွင်း စည်းလွတ်ဝါးလွတ်ဖြစ်စဉ်များနှင့် ကပ်ရောဂါဘေးများ ဖြစ်ပေါ်လာနိုင်ကြောင်း ပါကစ္စတန်အစိုးရက သတိပေးချက်တစ်ရပ်ကို ဩဂုတ် ၃ရက်တွင် ထုတ်ပြန်သည်။

ယင်းရေဘေးကြောင့် ပါကစ္စတန်နိုင်ငံသား ၁၅၀၀ကျော်မျှ သေဆုံးခဲ့ရပြီး အသက်ရှင်ကျန်ရစ်သည့် ဒုက္ခသည်များအကြားတွင်လည်း လက်ငင်းလိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ အလုံအလောက်မရရှိခြင်းကြောင့် မကျေနပ်မှုများ တိုးပွားလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ရေဘေးဒုက္ခသည်ထောင်ပေါင်းများစွာသည် ၎င်းတို့ကိုယ်ပိုင်ပစ္စည်းများကို သယ်ပိုးကာ လှည်းများဖြင့်လည်းကောင်း၊ ကားများဖြင့်လည်းကောင်း ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေကြရကြောင်း သိရသည်။ ယင်းရေဘေးသည် ပါကစ္စတန်နိုင်ငံအတွက် နှစ်ပေါင်း ၈၀အတွင်း အဆိုးရွားဆုံး ရေဘေးဖြစ်သည်။

ရေလွှမ်းမိုးမှုရပ်တန့်ပြီးနောက် ကူးစက်ရောဂါများပြန့်ပွားမှုကို ကာကွယ်နိုင်ရန် သန့်ရှင်းသောသောက်သုံးရေနှင့် ရေဆိုးသန့်စင်ရေးစနစ်များကို အရေးတကြီးလိုအပ်နေကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ ***အင်တာနက်။***

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၀၅ ၇။ ကွမ်းတောင်ပုဏ္ဏားကျွန်း-ယိုးတရုတ်ရထားလမ်းပိုင်း
၈း၁၅ ၈။ အကပြိုင်ပွဲ
၈း၂၅ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ “ကျွမ်းတိုင်းမကြမ်းနဲ့”
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ “ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ”
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၇။ သီချင်းကြီးပဒေသာ
၅း၃၀ ၈။ တေးဂီတအစီအစဉ်
၅း၄၀ ၉။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၅၀ ၁၀။ International Science News
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၃၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၃၀ ၁၆။ **အလင်္ကာကျော်စွာရွှေပြည် အေးနှစ်တစ်ရာပြည့် တေးဂီတအစီအစဉ် (အပိုင်း-၅)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒဇရာ၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်တေးသံသာ” (အပိုင်း-၆၅)**
၂၂။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊ အရေး၊ အတီးပြိုင်ပွဲ “ကွက်စိပ်ပြိုင်ပွဲ” “သေတ္တိသေန သမ္ဗူလဇာတ်”(ဒုတိယဆု) (ဦးသက်ဇော်) (မန္တလေးတိုင်း)
၂၃။ အစီအစဉ်ပြီး၏။

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရေးမြို့တွင် ၃ ဒသမ ၉၀လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၁၁လက်မ၊ ကော့ကရိတ်မြို့တွင် ၂ဒသမ ၉၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၈၃ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ဗန်းမော်မြို့တွင် ၂ဒသမ ၆၈ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၆၀ လက်မနှင့် ပေါင်မြို့တွင် ၂ ဒသမ ၅၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဩဂုတ် ၄ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၈၉ ဒီဂရီဖာရင်ဟိုက်	၂-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်	(၂၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်) ၇၇ဒီဂရီဖာရင်ဟိုက်	၃-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၆ရာခိုင်နှုန်း	၃-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	၃ ဒသမ ၇ နာရီခန့်	၂-၈-၂၀၁၀

ကော့သောင်းမြို့နှင့် ရန်ကုန်မြို့တို့၌ လူကုန်ကူးသူတရားခံများအား ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃

ကော့သောင်းမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အထူးအဖွဲ့သည် ဇူလိုင် ၂၈ရက် ည ၇နာရီ ၄၅မိနစ်ခန့်တွင် ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် ဟေမာလမ်းရေဆိပ်၌ တစ်ဖက်နိုင်ငံသို့ သွားရောက်မည့် သံဖြူဇရပ်နှင့်လောင်းလုံမြို့နေ အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦးတို့အား စစ်ဆေးရာ တစ်ဖက်နိုင်ငံ၌ တရားမဝင် အလုပ်လုပ်ကိုင်ရန်လူပွဲစားလေးဦးက တစ်ဦးလျှင် ငွေကျပ် တစ်သိန်းဖြင့် ပို့ဆောင်ပေးရန် ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့ကြောင်း၊ လူပွဲစားတရားခံလေးဦးအနက် ကော့သောင်းမြို့နေ အေးကြူအား ဖမ်းဆီးရမိသဖြင့် အမှုဖွင့် အရေးယူထားကြောင်း၊ ကျန်တရားခံသုံးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရဲစခန်းသို့ ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် တစ်ဖက်နိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည့် နစ်နာသူတစ်ဦးက လာရောက်တိုင်ကြားချက်အရ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထိပ်ရှိ ထမင်းဆိုင်တစ်ဆိုင်၌ ရောက်ရှိနေသော ကျောက်မဲမြို့နေ မစန်းစန်းမြင့်အား ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ မစန်းစန်းမြင့်သည် လွန်ခဲ့သော ခုနစ်လခန့်က အမျိုးသမီးသုံးဦးအား တစ်ဖက်နိုင်ငံသို့ ပြည့်တန်ဆာအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ကျောက်တံတားရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း၊ မစန်းစန်းမြင့်နှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူ မောင်မြင့်ဆိုသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အောင်မင်္ဂလာလမ်း (အာရ်စီသံကူကွန်ကရစ်တံတား) အား အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲလင်းထွန်း တာဝန်ယူဆောင်ရွက်ပြီးစီးမှု အခြေအနေကို အဖွဲ့အမှုဆောင်အရာရှိ ဦးတင်မောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

ဗိသုကာအတွေ့အကြုံ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၃

ဗိသုကာအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းရုံး၌ ဟောပြောမည်ဖြစ်ရာ ဗိသုကာဦးပါစီမျိုးမြင့်နှင့် ဝါရင့်ဗိသုကာများက ဖြတ်သန်းခဲ့သော ဗိသုကာအတွေ့အကြုံခေါင်းစဉ်ဖြင့် Architectural Dialogue 1/10 ကို ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၉-၈၇၆၃၅၀၀၊ ၀၁-၇၂၃၁၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းဝေး ငါးဖမ်းစက်လှေပိုင်ရှင်များအသင်းတို့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းဝေးငါးဖမ်းစက်လှေပိုင်ရှင်များအသင်းတို့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂ ရက် ညနေပိုင်းတွင် ပုဇွန်တောင်မြို့နယ် ညောင်တန်း ငါးတင် ငါးချဆိပ်ခံတံတားရှိ အဏ္ဏဝါခန်းမဆောင်၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က မြန်မာ့ပင်လယ်ပြင်ရေသယံဇာတပေါကြွယ်ဝမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေများကို လည်းကောင်း၊ တက်ရောက်လာကြသော ငါးဖမ်းလုပ်ငန်းရှင်များက လုပ်ငန်းဆိုင်ရာအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းဝေး ငါးဖမ်းစက်လှေပိုင်ရှင်များအသင်းတို့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (မွေး/ရေ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ "ကိလေသာချေးညှော်ဟောင်း ဓမ္မမဂ္ဂင်ရေစင်လောင်း" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၅၅ အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နှီးဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၇)**
- ၈:၃၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၃)
- ၉:၁၀ သာယာဝတီမြို့မှ မြတ်သောအလှူ
- ၉:၂၀ ကုသိုလ်ရန့်တို့သင်းပျံ့လှိုင်. . . Golden Lamps အမွေးတိုင်
- ၉:၄၀ အားကစားမြင်ကွင်းစုံ
- ၁၀:၂၀ ခရီးတစ်ထောက်နားခိုစရာ
- ၁၀:၃၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင်ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၁၀:၅၀ နုယဉ်ဆန်းထွင်ပန်းအလှဆင် (လက်ဆောင်ပန်းစည်းထုပ်ပိုးနည်း)
- ၁၁:၁၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁:၅၀ ဓာတ်ပုံထဲမှ အမှတ်တရများ (ဒီလွန်)
- ၁၂:၁၅ အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
- ၁၂:၃၀ မြန်မာစာ၊ မြန်မာစကား
- ၁၂:၅၀ သီးပွင့်ဝေဆာပဒေသာ (ကွဲကော)
- ၁:၀၀ "ကိလေသာချေးညှော်ဟောင်း ဓမ္မမဂ္ဂင်ရေစင်လောင်း" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (TV ကြည့်တာကောင်းတယ်၊ TV မကြည့်တာကောင်းတယ်)
- ၃:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၇)**
- ၄:၁၅ မူဟန်ကိုယ်စီတေးကိုသီ
- ၄:၂၅ ကုသိုလ်ရန့်တို့သင်းပျံ့လှိုင်. . . Golden Lamps အမွှေးတိုင်
- ၄:၄၅ သာယာဝတီမြို့မှ မြတ်သောအလှူ
- ၄:၅၅ ရန်ကုန်မြင်ကွင်းကျယ် (FUN 4 KIDS MYANMAR)
- ၅:၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင်ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၅:၂၅ ဖင်ဖင်နှင့်ခြင်ကျား (ဖင်ဖင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ-အကယ်ဒမီ စင်ရော်မောင်မောင်)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (ဒီလွန်)
- ၆:၄၅ ဗီဒီယိုပြခန်း
- ၇:၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၄)
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (FUN 4 KIDS MYANMAR)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (TV ကြည့်တာကောင်းတယ်၊ TV မကြည့်တာကောင်းတယ်)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၇)**
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ Sports World
- ၁၀:၅၀ ဗီဒီယိုပြခန်း
- ၁၁:၀၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (လက်ဆောင်ပန်းစည်း ထုပ်ပိုးနည်း)
- ၁၁:၂၅ Industrial Talk
- ၁၁:၅၅ လှပစွာချုပ် ဂျုံရိုးဦးထုပ်
- ၁၂:၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဆိတ်၊ သိုးမွေးမြူရေးနှင့် Export လုပ်ငန်း)
- ၁၂:၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်းမ် ဂျာနယ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၃

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ် ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၀)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် ၂၀၁၀ အလွန် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေး အသွင်သစ်များ ပုံဖော်သည့်အခါ နိုင်ငံတကာမှ လာရောက် ရင်းနှီးသူများနှင့် ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် လိုအပ်ချက်များအပေါ် သုံးသပ်ထားသည့် "ဘာတွေပြင်ဆင်ထားပြီးပြီလဲ" မျက်နှာဖုံး ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် "မြန်မာနိုင်ငံနဲ့ သံတမန်ရေးအရရော စီးပွားရေးအရပါ ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်" အရှေ့တီမော နိုင်ငံခြားရေးဝန်ကြီး ဇာကာရီယာ့စ်ဒါကိုစတာနှင့်တွေ့ဆုံခြင်း၊ ဆရာကျော်ဝင်း ရေးသားသည့် "ဒီမိုကရေစီနှင့် ဒီမိုကရက်တိုင်ဖေးရှင်း"၊ ဆရာမောင်သာနု ရေးသားသည့် "ရွေးကောက်ပွဲနှင့် ပါတီများလိုချင်သော ဆုလာဘ်"၊ ဒီမိုကရက်တစ်(မြန်မာ)ပါတီဥက္ကဋ္ဌ ဦးသုဝေနှင့်တွေ့ဆုံခြင်း စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ပုဂ္ဂလိကဆီဆိုင်များ ဈေးပြိုင်ရောင်းချလာ၍ အောက်တိန်းဈေး ဆက်တိုက်ကျ၊ ဧရာဝတီနှင့်ပဲခူးတိုင်းမှ တိုင်းကျော် တင်ပို့သည့်ဆန်များ အိတ်ရေအလိုက် အခွန်ကောက်မည်၊ အင်းစိန် အောင်ဇေယျတံတားအဆင်းတွင် ယာဉ်နှစ်စီး ညှပ်တိုက်၍ ၁၂၅ ယာဉ် မီးလောင်တိမ်းမှောက်၊ ပြည်ထောင်စုလမ်းမကြီး အပါအဝင် အဝေးပြေးလမ်းမကြီး ၁၂ ခု လုပ်ငန်းရှင်ကြီးခြောက်ဦး လုပ်ခွင့်ရ၊ ဘုရားဖူးလာသည်ဆိုသော ဆင်များကို ခြေရာခံလိုက်ကြည့်ခြင်း၊ အတွေ့အကြုံအသေးအဖွဲ့လေးများ ကိုရီးယားခရီးသွားဆောင်းပါး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ခြင်းလုံးကစားခြင်းနှင့် ရိုးရာအမွေ"၊ "ရင်ထဲမှာ အရမ်းပျော်နေလို့ ခံစားချက်တွေ ဗလာဖြစ်နေတယ်" ချမ်းချမ်းနှင့်တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း

သားဖွားခန်းအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေး ဦးစီးဌာနနှင့် IPPF/BMZ တို့ ပူးပေါင်းဆောင်ရွက်သည့် သားဖွားခန်းအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ဆွေးနွေးပညာပေးသူနှင့် ပျို့ရွယ်သူအချင်းချင်း ပညာပေးသူ သင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသောက သင်တန်းများဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အသင်းပိုင် သားဖွားခန်းရှိသော စစ်ကိုင်းတိုင်းမှ စစ်ကိုင်း၊ မုံရွာမြို့နယ်နှင့် အလုံကျေးရွာ၊ ဘုတလင်မြို့နယ် ဆုံကုန်းကျေးရွာနှင့် မကွေးတိုင်းမှ မကွေး၊ ပခုက္ကူ၊ မင်းဘူး၊ ချောက်မြို့နယ်တို့မှ သင်တန်းသား ၈၀ တို့ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ သုံးရက်တာ သင်တန်း ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော် သားဖွားခန်းအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ဆွေးနွေးပညာပေးသူနှင့် ပျို့ရွယ်သူအချင်းချင်း ပညာပေးသူ သင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကမ္ဘာ့ဖလားတွင် ရေပန်းစားခဲ့သော ရေဘဝဲပေါလ် ကြော်ငြာမင်းသားဖြစ်လာပြန်၊ အကျပ်အတည်းလွန် ကမ္ဘာထဲမှ အာရှ၏အနာဂတ်အလားအလာ၊ တောင်တရုတ်ပင်လယ်အတွင်းမှ အင်အားပြင်းကစားပွဲက တင်းမာမှုကို လှုံ့ဆော်ရာရောက်၊ အဖိုးနှုန်းအချိုသာဆုံး လက်တော့ပ် အိန္ဒိယတီထွင်၊ စပိန်လယ်သမားမျက်နှာတစ်ပြင်လုံး ခွဲစိတ်ကုသမှု အောင်မြင်၊ အာဖဂန်စစ်ပွဲဆိုင်ရာ အမေရိကန်လျှို့ဝှက်အစီရင်ခံစာ အွန်လိုင်းတွင် ပျံ့နှံ့၊ လူငယ်အများစု မိမိကိုယ်မိမိ အဆုံးစီရင်မှု စင်ကာပူတွင် တိုးပွားလျက်ရှိနေ၊ "အင်ဒိုနီးရှားအိမ်ဖော် ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးသွားသဖြင့် တရားခံ မလေးနိုင်ငံသား သေဒဏ်ချမှတ်ခံရ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး ကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ် ပညာသင်ဆု လျှောက်ထားနိုင်

ရန်ကုန် ဩဂုတ် ၃

၂၀၁၀ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်၍ ဖော်ပြပါ ဆေးတက္ကသိုလ် အသီးသီးသို့ တက်ရောက်ရန် အဆင့်မီသူများအနက် အမှန်တကယ်ဆင်းရဲနွမ်းပါးပြီး ဆေးပညာဆက်လက် ဆည်းပူးရန် အခက်အခဲရှိသူများအနေဖြင့် အလှူရှင် ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ပညာဒါနပြုသော"ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆု" ကို လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်ထားခွင့် ရှိသူများမှာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မန္တလေး ဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့သို့ ပထမနှစ်ဆေးပညာသင်တန်း စတင်တက်ရောက်ခွင့်ရရှိသူများ ဖြစ်ရမည်ဖြစ်သည်။

ပညာသင်ဆု ရရှိသူများကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပထမနှစ် သင်တန်းမှစ၍ ဆေးပညာဘွဲ့ရသည်အထိ သတ်မှတ် စည်းမျဉ်းစည်းကမ်းနှင့်အညီ ပညာသင်ဆုကြေးများကို လစဉ်ထောက်ပံ့ချီးမြှင့်သွားမည် ဖြစ်ကြောင်း၊ ပညာသင်ဆု လျှောက်ထားလိုသူများသည် မိမိအမှန်တကယ် ပညာသင်ဆု လိုအပ်ကြောင်းကို ကျိုးကြောင်းပြည့်စုံစွာဖော်ပြထားသော ကိုယ်တိုင်ရေးလျှောက်လွှာ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရဲစခန်းနှင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက်မူရင်းများ၊ အမှတ်စာရင်းမိတ္တူ၊ ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ ဆေးပညာ လျှောက်ထားသည့် ကျောင်းသား၊ ကျောင်းသူနှင့် မိဘ(သို့မဟုတ်) အုပ်ထိန်းသူတို့သည် ပါတီနိုင်ငံရေး ကင်းရှင်းကြောင်း ကိုယ်တိုင်ဝန်ခံချက် အထောက်အထားများနှင့်အတူ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ အမှတ်(၅၀) ကန်ရိပ်သာ(၃) လမ်း Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၃

ယနေ့ နံနက် ၈ နာရီ ၉ မိနစ် ၂၃ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၅၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ၊ ကပ္ပလီကျွန်း) နေရာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ သုည အဆင့်ရှိ အင်အားအသင့်အတင့်ရှိသည့် မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၃

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု ကျွဲရှင်းကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့် သိန်းနှင့် ကျေးလက်ပြည်သူ ၁၈၇ ဦးတို့ တက်ရောက်ကြသည်။

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်မင်းသိုက်ထိုက်က ၂၀၁၀ ခုနှစ်အတွင်း မော်တော်ယာဉ် မတော်တဆမှု ၁၉၂ မှုဖြစ်ပွားခဲ့၍ ကျား ၁၉၃ ဦး၊ မ ၁၂၆ ဦး စုစုပေါင်း ၃၁၉ ဦး ဒဏ်ရာရခဲ့ကြောင်း၊ ကျား ၈၁ ဦး၊ မ ၁၆ ဦး စုစုပေါင်း ၉၇ ဦး သေဆုံးခဲ့ရကြောင်း၊ မော်တော်ယာဉ်မတော်တဆမှုများမှာ ယာဉ်မောင်းသူ၊ ဆိုင်ကယ်စီးနင်းသူများ၊ လမ်းအသုံးပြုသူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာမှုမရှိသဖြင့် ဖြစ်ပွားရကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၃

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနမှ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ လူနာများ အသုံးပြုရန်အတွက် ငွေကျပ် ၁၂၁၇၃၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျင်းပသည်။

အခမ်းအနားသို့ ဆေးသိပ္ပံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသ) ဒေါက်တာ ဦးကြီးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ခင်လေးက လှူဒါန်း ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဆေးနှင့် ဆေးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)** ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၄-၈-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၁) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန်တေးပဒေသာ
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (လွန်းမတင်သည့်ကြိုး)
- ၁၂း၄၅ တေးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၅း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးနီတူခြောက်သုပ်နဲ့မျှစ်ဆတ် ရွှေဖရုံညွန့်ဟင်းချို)
- ၅း၁၀ Current Song
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၀ တေးပဒေသာ
- ၅း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၈)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၁)
- ၆း၂၀ ကျေးလက်ဇာတ်လမ်း (အချစ်ဖိလင်)
- ၆း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၇း၁၅ အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (အကယ်ဒမီမိုးဒီ)
- ၇း၃၀ တေးပဒေသာ
- ၇း၄၀ ဝတ္ထုတိုခံစားမှု(အိမ်နီးချင်း)
- ၈း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၈း၂၀ သူ့ခေတ်သူ့ခါတေးကမ္ဘာ
- ၈း၅၀ ကျန်းမာရေးရာသိကောင်းစရာ (မျက်စိကူးစက်နာရောဂါ) လူမှုရေးဦးတည်ချက်
- ၉း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၉း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၁၀း၀၀ အစီအစဉ်ပြီး၏။

❖ ကျော့ဖုံးမှ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် လက်ရှိကျင်းပနေသော ကမ္ဘာ့ကုန်စည်ပြပွဲတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လုံးဝမရှိရေး ဦးတည်ချက်ဖြင့် ကုန်စည်ပြပွဲဥယျာဉ်အတွင်း လျှပ်စစ်ကားများကို ပြသထားသည့်အပြင် အများပြည်သူတို့ စီးနင်းနိုင်ရန်လည်း စီစဉ်ပေးထားသည်။

ထိုစဉ်အတွင်း စင်ကာပူနိုင်ငံတွင် ဩဂုတ်လမှစ၍ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကားပြေးဆွဲမည့် အစီအစဉ်ကို စတင်တော့မည်ဖြစ်သည်။

စင်ကာပူနိုင်ငံရှိ လမ်းများပေါ်၌ ပြေးဆွဲပေးမည့် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကားကို Green Lite ဟု အမည်ပေးထားသည်။ ကာဗွန်(မီးခိုး)မထွက်သော ယင်းကားသည် စက်၏ဆူညံသံ အလွန်နည်းပါးသည်။

Green Lite ဘတ်စ်ကားသည် ဘက်ထရီစနစ်နှင့် လောင်စာဆဲလ် နည်းပညာတို့ကို အသုံးပြုသည်။ ဟိုက်ဒရိုဂျင်ကို လျှပ်စစ်စွမ်းအင်အဖြစ်သို့ ပြောင်းလဲကာ မောင်းနှင်နိုင်သည်။ စွမ်းအင်ထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းမှာ သန့်စင်သော ရေသာလျှင်ဖြစ်သည်။

စင်ကာပူနိုင်ငံရှိ နန်းယန်နည်းပညာ တက္ကသိုလ်နှင့် တရုတ်နိုင်ငံရှိ ဆင်ဟွာ တက္ကသိုလ်တို့မှ သုတေသီများ ပူးပေါင်းကာ Green Lite ဘတ်စ်ကားကို တီထွင်ထုတ်လုပ်ထားသည်။

နိုင်ငံတကာစံနှုန်းအရ လောင်စာဆဲလ်ဘတ်စ်ကားတစ်စီးသည် ကီလိုဝပ် ၈၀ မှ ၁၀၀ အထိ အသုံးပြုကြောင်း၊ Green Lite ဘတ်စ်ကားမှာမူ ကီလိုဝပ် ၄၀ သာလျှင် အသုံးပြုကြောင်း နန်းယန်နည်းပညာတက္ကသိုလ်အောက်ရှိ အင်ဂျင်နီယာကောလိပ်မှ ပါမောက္ခ ဆိုယန်ချိုက ပြောကြားသည်။

အင်တာနက်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားကွင်း အုပ်စု(ဇ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ဂိုး

(ဇင်မင်းထွေး)

ကျန်းမာရေးဝန်ကြီးဌာန တစ်ဂိုး

(ငြိမ်းချမ်းစိုး)

(ဒိုင်)ဦးသောင်းလှိုင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဃ)

ပညာရေးဝန်ကြီးဌာန တစ်ဂိုး

(ရန်အောင်)

သစ်တောရေးရာဝန်ကြီးဌာန တစ်ဂိုး

(သက်ထွန်းအောင်)

(ဒိုင်) ဦးအောင်သိန်း(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ဃ)

သတ္တုတွင်းဝန်ကြီးဌာန သုံးဂိုး

(သန်းလှိုင်မိုး၊ အောင်သူလင်း၊ စောလောလမူး)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ဂိုး

(အောင်ဇေယျ၊ ကျော်သီဟ)

(ဒိုင်) ဦးအောင်ထွန်း (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဩဂုတ် ၄ ရက်ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ တရားရုံးချုပ်အသင်းနှင့် ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန အသင်း၊ နေပြည်တော် လယ်ဝေးအားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ အသီးသီးယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၇)

Google Earth နှင့် GIS လက်တွေ့အသုံးချနည်းသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၃

"Myanmar Credent Technology" သည် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအတွက် လိုအပ်သောနည်းပညာဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော Google Earthမှ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများအား မြေပြင်မြေပုံများအဖြစ်သို့ လွယ်ကူစွာ ပြောင်းလဲအသုံးချနိုင်ရန်အတွက် " Myanmar Credent Technology" မှ Google Earth နှင့် GIS လက်တွေ့အသုံးချနည်း သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စီမံချက်များအတွက် GIS (Geographic Information Systems) ပထဝီသတင်းအချက်အလက် မြေပုံစနစ် (သို့မဟုတ်) ကွန်ပျူတာသုံး သတင်းအချက်အလက်မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ESRI ကုမ္ပဏီ၏ တရားဝင် ကိုယ်စားလှယ်အဖြစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည့် ArcInfo၊ ArcView၊ Arc Editor GIS ဆော့ဖ်ဝဲလ်များ အသုံးပြု သင်ကြားသွားကြောင်း သိရမည်။

ပထဝီ၊ ဘူမိဗေဒ၊ စိုက်ပျိုးရေး၊ သစ်တောဘာသာရပ်တို့ဖြင့် ကျောင်းတက်နေဆဲ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ရများ၊ အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ အသင်းဝင်များအတွက် သင်တန်းကြေး ၂၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကာ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများအတွက် သင်တန်းကြေး ၄၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၄၊ ၁၅၊ ၂၁နှင့် ၂၂ ရက် (စနေ၊ တနင်္ဂနွေနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင် (၁) အခန်း (၄)၌ ရက်သတ္တနှစ်ပတ် သင်တန်းကာလ လေးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင် (၁) အခန်း (၇)၊ Myanmar Info- Tech ဖုန်း-၆၅၂၂၈၅နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းအပ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရပ်စောက်မြို့မဈေးအတွင်း သန့်ရှင်းသာယာလှပရေး၊ ဈေးများ စည်းကမ်းတကျရှိ၊ မရှိကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်၊ ဈေးအကျိုးတော်ဆောင်အဖွဲ့တို့က ဈေးသန့်ရှင်း သာယာလှပရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သံတောင်မြို့နယ်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဩဂုတ် ၃

ပဲခူးတိုင်း ထန်းတပင်မြို့နယ် သရက်တန်းကျေးရွာအုပ်စု ဂွအိုင်ကျေးရွာနေ အောင်သူဖြိုးသည် အဖော် သုံးဦးနှင့်အတူ ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းတွင် ပန်းခူးရန်ထွက်လာစဉ် သံတောင်မြို့နယ် မဲတင်းတိမ်တောင်အနီး ကျားမြောင်ရပ် လူသွားလမ်းသို့ လာရောက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းအောက်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် ဇရပ်ကြီး တိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း၊ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နိုင်ငံတစ်ဝန်း မိုင်းနင်းမှုကြောင့် အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ရှစ်ဦး သေဆုံးပြီး အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၄၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဒီမို

(ယမန်နေ့မှအဆက်)

မည်သူမဆို ရွေးကောက်ပွဲများတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲ ပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်း မပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်းကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဥပဒေအမှတ် ၃/၂၀၁၀ အဖြစ်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥပဒေကို ဥပဒေအမှတ် ၄/၂၀၁၀ အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဥပဒေအမှတ် ၅/၂၀၁၀ အဖြစ်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ အသီးသီးတွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၅၇။ မည်သူမဆို ရွေးကောက်ပွဲများတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်း မပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်းကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပို သော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၅၈။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန်သော်လည်းကောင်း၊ ယင်း အခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့် အနေဖြင့်သော်လည်းကောင်း ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင် နေရာပြောင်းရွှေ့မှု သို့မဟုတ် အခြားအခွင့်အရေး တစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ခ) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို သော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊

(ဂ) လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန် သော်လည်းကောင်း၊ ဆန္ဒမဲ မပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊

(ဃ) ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲ ပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ် ကြိုးပမ်းခြင်း။

ပုဒ်မ ၅၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ အခြား စာရွက်စာတမ်းများကို တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍မရစေရန် ပြုလုပ်ခြင်း၊

(ခ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို သော်လည်းကောင်း၊ ယင်းတို့ကို ပေးပို့ရာတွင် အသုံးပြုသော စာအိတ် သို့မဟုတ် အထုပ်ကိုသော်လည်းကောင်း တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်ရှု၍ မရစေရန် ပြုလုပ်ခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအားပေးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

(င) အသုံးပြုဆဲဖြစ်သော မဲပုံးကို အခွင့်အာဏာ မရရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(စ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊

(ဆ) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ဇ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း၊

(ဈ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊

(ည) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ် တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း။

ပုဒ်မ ၆၀။ မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးအား ဆန္ဒမဲပေးခြင်း မပြုနိုင်စေရန် နှောင့်ယှက်ကြောင်း သို့မဟုတ် နှောင့်ယှက်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၆၁။ မည်သူမဆို ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အကွာအတွင်း၌ဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မဲဆွယ်ခြင်း၊

(ခ) မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို ဆန္ဒမဲပေးရန်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း၊

(ဂ) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန် သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း။

ရှင်းလင်းချက်။ ။ဤပုဒ်မပါကိစ္စ အလို့ငှာ အခြား နေရာများတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ကြော်ငြာ၊ စာရွက်စာတမ်းစသည်တို့ ကပ်ထားခြင်းနှင့် ချိတ်ဆွဲထားခြင်းတို့ မပါဝင်။

ပုဒ်မ ၆၂။ မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူများ စိတ်ငြိုငြင်စေရန် သို့မဟုတ် မဲရုံတွင် တာဝန်ကျသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက် အစရှိသော အသံကို ကျယ်အောင် ပြုလုပ်သည့် ကိရိယာတန်ဆာပလာသုံးစွဲခြင်း၊ အော်ဟစ်ခြင်း အစရှိသော စည်းကမ်းမဲ့သည့် အပြုအမူကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၆၃။ မည်သူမဆို မဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံ၌ မဖွယ်မရာသော အမှုကိုပြုခြင်း သို့မဟုတ် မဲရုံမှူးက မိမိ၏ တာဝန်ဝတ္တရားအရ ပေးသည့်အမိန့်ကို မနာခံခြင်းကြောင့် မဲရုံမှူး သို့မဟုတ် မဲရုံမှူး၏ အခွင့်အာဏာအရ မဲရုံအဖွဲ့ဝင်တစ်ဦး၏ အမိန့်အရ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြား လုံခြုံရေးတာဝန်ရှိသူက မဲရုံမှ ဖယ်ရှားခံရပြီးနောက် မဲရုံမှူး၏ ခွင့်ပြုချက် မရရှိဘဲ မဲရုံသို့ ပြန်ဝင်လာကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၆၄။ မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ယင်းဥပဒေအသီးသီး၏ ပုဒ်မ ၆၆ တွင် “တရားမဲ့ပြုကျင့်မှုများ” အကြောင်းကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၆၆။ အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည်-

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ-

(၁) လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊

...ရေးနှင့် ဒီမိုကရေစီ

...ပေးပိုင်ခွင့်နှင့် ...အကြမ်းဖက် ...ည့်ဖြားခြင်း၊ ...ဖြစ်မှုထင်ရှား ...ဖြစ်စေ၊ ကျပ် ...မှတ်ရမည်။

...ရန်သော်လည်းကောင်း၊
... သော်လည်းကောင်း
...င်း။
...ဒ်မပါကိစ္စ အလို့ငှာ
...း နေရာများတွင်
...ကောက်ပွဲနှင့် သက်ဆိုင်
...ကြော်ငြာ၊ စာရွက်
...မ်းစသည်တို့ ကပ်ထား
...င့် ချိတ်ဆွဲထားခြင်းတို့
...င်။

...ပေးသည့်နေ့တွင် ဆန္ဒမဲ
... သို့မဟုတ် မဲရုံတွင်
...ရားဆောင်ရွက်ခြင်းကို
...စေ၊ မဲရုံမှ ကိုက် ၅၀၀
...အသံကို ကျယ်အောင်
... အော်ဟစ်ခြင်း အစရှိ
...ကြောင်း ပြစ်မှုထင်ရှား
...သော ထောင်ဒဏ် ဖြစ်
...စ်စေ၊ ဒဏ်နှစ်ရပ်လုံး

...ပေးရန် သတ်မှတ်ထား
...သော အမှုကိုပြုခြင်း
...ရ ပေးသည့်အမိန့်ကို
... အခွင့်အာဏာရ မဲရုံ
...တပ်ဖွဲ့ဝင် သို့မဟုတ်
...ရပြီးနောက် မဲရုံမှုး၏
...ဖြစ်မှုထင်ရှား စီရင်ခြင်း
...ထောင်ဒဏ်ဖြစ်စေ၊ ကျပ်
...စ်ရပ်လုံးဖြစ်စေ ချမှတ်

...ိုင်ရာ ပြစ်မှုများနှင့်
...ဖြစ်မှုထင်ရှား စီရင်ခြင်း
...ထောင်ဒဏ်ဖြစ်စေ၊ ကျပ်
...စ်ရပ်လုံးဖြစ်စေ ချမှတ်

... ၆၆ တွင် "တရားမဲ့
...း ပြဋ္ဌာန်းထားပါသည်-
...ကျင့်မှုများဖြစ်သည်-
...လောင်းကဖြစ်စေ၊ ယင်း
...ယ်စားလှယ်ကဖြစ်စေ၊
...သဘောတူညီချက်ဖြင့်
...စေ-
...မှုပြုလုပ်ခြင်း၊

ဥပဒေလေ့လာသူတစ်ဦး

(၂) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက် ပြုလုပ်ခြင်း၊
(၃) သူတစ်ပါးအယောင်ဆောင်ခြင်း၊
(၄) မဟုတ်မမှန်ပြောဆိုကြေညာခြင်း၊
(၅) မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း။

(ခ) မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲများကို တစ်ချိန်တည်း ကျင်းပစဉ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်က သော်လည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က သော်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် မညီညွတ်သော အသုံးစရိတ်များ ကျခံသုံးစွဲခြင်း သို့မဟုတ် ယင်းသို့ကျခံသုံးစွဲရန် သဘောတူညီခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် ငွေစာရင်းများကို ရွေးကောက်ပွဲကိုယ်စားလှယ်က သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း-

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ရန် သို့မဟုတ် မပါဝင်ဘဲနေရန် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကျေးဇူးတုံ့ပြန်ချက်ဖြင့်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက လာဘ်လာဘ လက်ခံခြင်း သို့မဟုတ် လာဘ်လာဘလက်ခံရန် သဘောတူခြင်း၊

(၂) ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးဘဲနေရန် မဲဆန္ဒရှင် တစ်ဦးဦးကို သွေးဆောင်ရန်ဖြစ်စေ၊ သွေးဆောင်လိုသဖြင့် အားထုတ်ရန်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက မိမိအတွက် သို့မဟုတ် သူတစ်ပါးအတွက် လာဘ်လာဘ လက်ခံရန် သဘောတူခြင်း။

(စ) မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို တင်ပြခြင်း သို့မဟုတ် ထိုကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် ငွေစာရင်းကို မှန်ကန်သည်ဟု ဝန်ခံခြင်း သို့မဟုတ် သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရန် ပျက်ကွက်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်း မဟုတ်သော သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်သော အခြားသူတစ်ဦးဦးက ယင်း လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ခွင့်ပြုချက် မရှိဘဲ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရစေရန် ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရရေးအတွက် အားပေးလိုသောကြောင့်ဖြစ်စေ၊ အစည်းအဝေးကျင်းပ၍ သော်လည်းကောင်း၊ စာရွက်စာတမ်းများ ဝေငှ၍ သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ငွေအကုန်အကျခံခြင်း သို့မဟုတ် ကုန်ကျရန်ခွင့်ပြုခြင်း၊

(ဇ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့် သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့် သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် မိမိ၏ဆန္ဒမဲ လက်မှတ်ကို မဲရုံမှ အခြားသို့ ယူဆောင်သွားခြင်း၊

(ည) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့ တစ်ဦးဦး၏ သဘောတူညီချက်အရ အခြားသူတစ်ဦးကဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အကူအညီကို ဝန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်း၊ ရယူရန် အားပေးကူညီခြင်း သို့မဟုတ် ရယူရန် အားထုတ်ခြင်း၊

(ဋ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကို ဖြစ်စေ အကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း၊

(ဌ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက် တင်မြှောက်ခံရရေးအတွက် ပါတီတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်း။

၆။ သုံးသပ်တင်ပြချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများအရ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြစ်မှုဆိုင်ရာ ဥပဒေ(ရာဇသတ်ကြီး)ပြဋ္ဌာန်းခဲ့သည့် ၁၈၆၀ ခုနှစ်ကပင် ပြဋ္ဌာန်းပါရှိခဲ့ကြောင်းတွေ့ရှိရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် နောက်ပိုင်း ယခုအထိ ယင်းပြဋ္ဌာန်းချက်များကို ဆက်လက် လက်ခံကျင့်သုံးလျက်ရှိပါသည်။ ၁၉၇၃ခုနှစ်၊ ၁၉၇၆ ခုနှစ်၊ ၁၉၈၉ခုနှစ်နှင့် ၂၀၁၀ခုနှစ်များတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများ ပြဋ္ဌာန်းခဲ့ရာတွင်လည်း ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်း ပြဋ္ဌာန်းချက်များ ပါရှိပါသည်။ ထို့ပြင် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ၁၉၉၆ ခုနှစ်တွင် ပြဋ္ဌာန်းစဉ်ကလည်း နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးနိုင်ရေးနှင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတို့ကို ဟန့်တားနှောင့်ယှက်ဆန့်ကျင်သည့် အပြုအမူလုပ်ရပ်များနှင့် စပ်လျဉ်း၍ အရေးယူနိုင်ရန် ပြဋ္ဌာန်းချက်များ ပါရှိကြောင်း တွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများပေးထားပြီးဖြစ်သော်လည်း ပြည်သူများက ယင်းအခွင့်အရေးများအား ကျင့်သုံးဆောင်ရွက်ခြင်းကို နှောင့်ယှက်ဖျက်ဆီးသည်များလည်း ရှိကောင်းရှိနိုင်သဖြင့် ထိုသို့နှောင့်ယှက်ဖျက်ဆီးသူများအား အရေးယူ တားဆီးနိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းကျင့်သုံး ဆောင်ရွက်ရခြင်းဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အများပြည်သူ၏ဆန္ဒနှင့်အညီ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ထောင်နိုင်ရန် ရှေ့လုပ်ငန်းစဉ် (၇)ရပ် ချမှတ်ပြီး စနစ်တကျဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မဲဆန္ဒရှင် ပြည်သူများ၏ မဲဆန္ဒဖြင့် နိုင်ငံတော်၏ လွှတ်တော်အရပ်ရပ်နှင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပရန် အဆင့်ကိုပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များက မိမိတို့ဆန္ဒမဲဖြင့် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ကြတော့မည်ဖြစ်ရာ ရွေးကောက်ပွဲများ အေးအေးချမ်းချမ်း ချောချောမောမော အောင်အောင်မြင်မြင်ဖြစ်ရေးသည် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အဓိကကျလှပေသည်။

တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရန် တရားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပေသည်။ သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လိုသူတိုင်း လွှတ်တော်ရွေးကောက်ပွဲများ အောင်မြင်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အများပြည်သူ၏ဆန္ဒနှင့်အညီ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ထောင်နိုင်ရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ပြီး စနစ်တကျဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မဲဆန္ဒရှင် ပြည်သူများ၏ မဲဆန္ဒဖြင့် နိုင်ငံတော်၏ လွှတ်တော်အရပ်ရပ်နှင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန် အဆင့်ကိုပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များက မိမိတို့ဆန္ဒမဲဖြင့် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ကြတော့မည်ဖြစ်ရာ ရွေးကောက်ပွဲများ အေးအေးချမ်းချမ်း ချောချောမောမော အောင်အောင်မြင်မြင်ဖြစ်ရေးသည် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အဓိကကျလှပေသည်။

စစ်တွေမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ လေးဝတီပညာရေးရိပ်သာသို့ သွားရောက်၍ အဆောင်နေ ကျောင်းသား၊ ကျောင်းသူများအတွက် အခန်းလိုက်နေရာချထားမှု အခြေအနေများနှင့် စားရိပ်သာအတွင်း ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် စစ်တွေသင်္ဘောကျင်း ဆိပ်ခံတံတားကြံ့ခိုင်မှုအခြေအနေ၊ မြို့မစည်ပင်သာယာဈေးကြီး တံတားတည်ဆောက်ထားမှု အခြေအနေနှင့် ဈေးအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုအခြေအနေ၊ စစ်တွေမြို့ အနောက်စံပြရပ်ကွက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း တည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၅) ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၃

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင် ဦးဝင်းအောင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများနှင့် ဝန်ကြီးဌာနအသီးသီးရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း သင်တန်းသား ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးဝင်းအောင် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁၅) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ -မဟာဂန္ဓာရုံမှာ ပညာရှာမိုးလိုလျှင်
- ၇း၂၀ ၄။ ဓမ္မပူဇာတေး
- ၇း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၄။ Mail Box
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ အပိုင်း (၃၅)
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -စိမ်းရောင်ခြည်လှည်းကလေး (အပိုင်း-၃၆)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေး တေးကဗျာ
- ၂၁။ **ရယ်စရာရွှင်စရာ ဟာသပဒေသာ -အသံအကျိုးဆောင် (ဇာတ်သိမ်းပိုင်း) (သူရလင်း၊ ပေါ်လေး၊ ဗေဒါ၊ ရေချမ်း၊ စိုပြေ၊ မိုးဖြူ ရန်နိုင်၊ မိုးပွင့်၊ မျိုးစန္ဒီကျော်၊ ရီရီပွင့်ဖြူ မျိုးမျိုးခိုင်) [ဒါရိုက်တာ -မောင်ပြည့်ဝ (ပန်းဝေသီ)]**
- ၂၂။ အိုင်စီတီသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း (အပိုင်း-၆၇)**
- ၂၅။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

အသက်ကယ်နည်းစနစ် သင်တန်းအမှတ်စဉ် (၁၃/၂၀၁၀) သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အသက်ကယ်နည်းစနစ် သင်တန်းအမှတ်စဉ် (၁၃/၂၀၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်မိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မီးသတ်ဦးစီးဌာန (ရုံးချုပ်)မှ အရာရှိကြီးများ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးများ၊ သင်တန်းနည်းပြများ၊ နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသားများတက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ သင်တန်းသား ၆၀ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး ဦးရန်အေး၏ (၁၉) နှစ်မြောက် နှစ်ပတ်လည် အလှူအဖြစ် ဆရာမ ဒေါ်တင်မေနှင့် သားသမီးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သံဃာ့ဆေးရုံ)

စာပေစာနယ်ဇင်းညီလာခံ အတွေ့အကြုံရှင်းလင်း လစ်လပ်အလုပ်အမှုဆောင်နေရာအတွက် ရွေးချယ်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပဉ္စမအကြိမ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် လစ်လပ်လျက်ရှိသော အမှုဆောင်တစ်နေရာ ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးစိန်လှိုင်(မဟာဝိဇ္ဇာ)(သူရဇော်)က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ဒုတိယဥက္ကဋ္ဌ ဦးညွန့်လှိုင် (မောင်ညွန့်လှိုင်)က ရှင်းလင်းတင်ပြသည်။

ထို့နောက် လစ်လပ်လျက်ရှိသော အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်နေရာအတွက် အများသဘောတူ ရွေးချယ်တင်မြှောက်လိုက်ပြီး ဥက္ကဋ္ဌ ဦးညွန့်လှိုင်(မောင်ညွန့်လှိုင်) အပါအဝင် အလုပ်အမှုဆောင် ကိုးဦးပါ မြို့နယ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဘိုကလေးမြို့၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၃

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက်တွင် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံသွားလမ်း၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ပျိုးပင်ပေါင်း ၂၅၀၀ ကို စိုက်ပျိုးပေးကြသည်။ (သတင်းစဉ်)

2010 China-ASEAN Mining Cooperation Forum And Exhibition သို့ တက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၃

ပထမအကြိမ် 2010 China-ASEAN Mining Cooperation Forum And Exhibition ကို စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး ကွမ်ရှီးပြည်နယ်ရှိ သတ္တုတွင်းလုပ်ငန်းများနှင့် သတ္တုသန့်စင်ရေး အလုပ်ရုံစက်ရုံများသို့ သွားရောက်လေ့လာရေးအစီအစဉ်များ ပါရှိမည်ဖြစ်၍ စိတ်ပါဝင်စားကြသည့် သတ္တုလုပ်ငန်းရှင်များသည် ဩဂုတ် ၁၅ ရက်အတွင်း အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းချုပ် ဖုန်း- ၂၁၄၃၄၄ မှ ၂၁၄၃၄၉ ထိ ဆက်သွယ်စုံစမ်းစာရင်းပေးပို့နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံသွားလမ်း၌ ကျင်းပစဉ်။

(မြို့နယ်ပြန်/ဆက်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် သင်တန်းတက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၃

မလေးရှားနိုင်ငံ အမျိုးသမီးမိသားစုနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများဆိုင်ရာ NAM Institute for the Empowerment of Women (NIEW)က ကြီးမှူး၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်မည့် WOMEN AS GLOBAL ENTREPRENEURS သင်တန်းသို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် ဒေါ်ခင်မေလင်းသည် ဩဂုတ် ၁ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ၊ ဘဏ္ဍာရေးမှူး ဒေါ်တင်ရွှေနှင့် အလုပ်အမှုဆောင် ဒေါ်တင်နွယ်ဦးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂ရက်မှ ၈ ရက်အထိ ဖွင့်လှစ်မည့် WOMEN AS GLOBAL ENTREPRENEURS သင်တန်းသို့ တက်ရောက်ရန်အတွက် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသော မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် ဒေါ်ခင်မေလင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

မြို့ကြီး လေးမြို့တွင် ကျင်းပမည့် MNL အမှတ်ပေးပြိုင်ပွဲဒုတိယအကျော့

ရန်ကုန် ဩဂုတ် ၃

၂၀၁၀ MNLအမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များမှာ ဇွန် ၁၄ရက်က ပြီးဆုံးခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများ၏ အပြောင်းအရွှေ့ ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ပြိုင်ပွဲကို တစ်လကျော်ကြာရပ်နားထားရာမှ ဩဂုတ် ၁၄ရက်တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့တွင်သာ ကျင်းပခဲ့ရာမှ ဒုတိယအကျော့ပွဲစဉ်များကို ယင်းနှစ်ကွင်းအပြင် ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်း၏ အိမ်ကွင်း ဖြစ်သည့် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၊ စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာရွှေမြေအသင်း၏ အိမ်ကွင်းဖြစ်သည့် မုံရွာမြို့ရှိ တိုင်းအားကစားကွင်းတို့တွင်ပါ ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၁၄ ရက်မှ နိုဝင်ဘာ ၇ရက်အထိ မြို့ကြီးလေးမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ် ၅၅ပွဲကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မုံရွာမြို့တို့တွင် ကျင်းပသွားမည် ဖြစ်သော်လည်း ကမ္ဘောဇတစ်သင်းတည်းသာ အိမ်ကွင်းဖြစ်သည့် တောင်ကြီးကွင်း၌ ၁၀ပွဲလုံး ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်၊ ရတနာပုံ F.Cနှင့် ဇေယျာရွှေမြေအသင်းတို့မှာ ဒုတိယအကျော့ပွဲစဉ်အချို့ကို အိမ်ကွင်းသာမက တခြားကွင်းများတွင်ပါ ကစားရမည်ဖြစ်သည်။ ဇေယျာရွှေမြေအသင်း၏ အိမ်ကွင်းဖြစ်သည့် မုံရွာကွင်းမှာ မြက်ခင်းပြင်များ ပြုပြင်ရန်ရှိနေသဖြင့် ပွဲစဉ် (၁၈)မှသာ ကျင်းပနိုင်မည်ဖြစ်ရာ ဇေယျာရွှေမြေ F.C ၏ ငါးပွဲကိုသာ လက်ခံကစားနိုင်မည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ် ၅၅ပွဲအနက် သုဝဏ္ဏကွင်းတွင် ၂၈ပွဲ၊ တောင်ကြီးမြို့တွင် ၁၄ပွဲ၊ ဗထူးကွင်းတွင် ရှစ်ပွဲနှင့် မုံရွာကွင်းတွင် ငါးပွဲ ကျင်းပသွားမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များအပြီးတွင်လက်ရှိချန်ပီယံရတနာပုံအသင်းက ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး၊ ၂၀ဂိုးသွင်း၊ ရှစ်ဂိုးပေး (၂၁)မှတ်ဖြင့် ပထမ၊ ဇေယျာရွှေမြေအသင်းက ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး၊ ၁၈ဂိုးသွင်း၊ ခြောက်ဂိုးပေး ၂၁ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇအသင်းက ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ၁၄ဂိုးသွင်း၊ ခြောက်ဂိုးပေး ၂၀မှတ်ဖြင့် တတိယ၊ ရန်ကုန်ယူနိုက်တက်အသင်းက ငါးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး၊ ၂၁ဂိုးသွင်း၊ ခြောက်ဂိုးပေး ၁၈မှတ်ဖြင့် စတုတ္ထ၊ Southern Myanmar အသင်းက ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ၂၁ ဂိုးသွင်း၊ ၁၅ ဂိုးပေး ၁၇မှတ်ဖြင့် ပဉ္စမ၊ မကွေးF.Cက ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ၁၉ဂိုးသွင်း၊ ၁၉ဂိုးပေး ၁၇မှတ်ဖြင့် ဆဋ္ဌမ၊ ဥဿာယူနိုက်တက်အသင်းက လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး ၁၁ ဂိုးသွင်း၊ ၁၁ ဂိုးပေး၊ ၁၄ မှတ်ဖြင့် သတ္တမ၊ Delta United က လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ငါးပွဲရှုံး၊ ၁၃ဂိုးသွင်း၊ ၁၄ ဂိုးပေး ၁၃ မှတ်ဖြင့် အဋ္ဌမ၊ မနော်ဓမြ F.Cက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံး၊ ၁၅ ဂိုးသွင်း၊ ၂၆ ဂိုးပေး ၁၀မှတ်ဖြင့်နဝမ၊ နေပြည်တော် F.C က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှစ်ပွဲရှုံး၊ ၁၂ ဂိုးသွင်း၊ ၁၈ ဂိုးပေး လေးမှတ်ဖြင့် အဆင့် ၁၀၊ ဇွဲကပင်ယူနိုက်တက်က ၁၀ပွဲစလုံး ရှုံးပြီး တစ်ဂိုးသွင်း၊ ၃၅ဂိုးပေး ရမှတ်မရှိဘဲ အဆင့် ၁၁နေရာတွင် ရောက်ရှိနေသည်။

(ကြေးမုံ)

ထိပ်ဆုံးမှဦးဆောင်နေသည့် ရတနာပုံ F.Cအသင်းအား တွေ့ရစဉ်။ (ကြေးမုံ)

မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ဆောင်ရန် အလှူငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၃

သာကေတမြို့နယ် (၆) အနောက်ရပ်ကွက်ရှိ မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင်၂၇ရက်က သာကေတမြို့နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဝင်းမြင့် (ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)နှင့် ဇနီး ဒေါ်ဝေဝေမြင့်၊ သမီး မမြတ်သဇင်ထက် မိသားစုက ဒေါ်ဝေဝေမြင့်မွေးနေ့အတွက် အလှူငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကန်တူးဖော်ရေးကော်မတီ ဂုဏ်ထူးဆောင်နာယက ဦးအောင်ကျော်ညွန့် (သာကေတမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး)၊ ဦးခင်ရွှေ(ဥက္ကဋ္ဌ၊ ၆-အနောက်ရပ်ကွက်)နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်**(ဝဲပုံ)**တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။ အလှူငွေများ ဆက်သွယ်လှူဒါန်း လိုပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ် ရေးမှူးရုံးဖုန်း-၅၅၆၈၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ကမာရွတ်မြို့နယ် ပညာရေးမှူးဒိုင်းမိုးရာသီ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က အထက(၃) (ကမာရွတ်) ဘောလုံးကွင်း၌ ကျင်းပရာ ပထမဆုရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ကမာရွတ်)အား အထက (၂) ကျောင်းအုပ်ဆရာကြီး ဒေါ်မေလှရီ ဆုချီးမြှင့်စဉ်။

(ပညာရေး)

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက် နိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၃

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၊ စလင်းကွင်းနှင့် ပဒုမ္မာကွင်းတို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်၊ ရတနာပုံ F.C နှင့် Delta United F.C တို့ နိုင်ပွဲများရရှိသွားသည်။

(အောင်ဆန်းကွင်း)

ရန်ကုန်ယူနိုက်တက် - လေးဂိုး

(ကောင်းစည်သူ-သုံးဂိုး၊ ထိန်ဝင်း)

မနော်ဓမြ F.C - တစ်ဂိုး

(အောင်ဇော်လတ်)

အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် အမှတ်ပြည့်ဖြင့် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းမှာ ယခုပွဲကိုလည်း အမှားမခံဘဲ ကြိုးစားကစားသွားခဲ့သည်။ ပွဲဆက်နေ၍လည်း နှစ်သင်းစလုံး အကောင်းဆုံးပုံစံမျိုးထုတ်မပြနိုင်ခဲ့ပေ။ ယခုပွဲတွင်လည်း ဂိုးပြတ်အနိုင်ရခဲ့သော ရန်ကုန်ယူနိုက်တက်အသင်းမှာ ခုနစ်ပွဲဆက်အနိုင်နှင့်အတူ ဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။

ပွဲအစ ၁၁ မိနစ်မှာပင် တိုက်စစ်မှူးကောင်းစည်သူက ရန်ကုန်ယူနိုက်တက်အတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့သော်လည်း တိုက်စစ်တွဲလုံး မမိခြင်း၊ခံစစ်ကစားပုံ အမှားများခြင်းတို့ကြောင့် မနော်ဓမြF.C အခွင့်အရေးများ ပြန်လည်ရရှိခဲ့သည်။၂၈ မိနစ်တွင် မနော်ဓမြ F.C ချေပဂိုးပြန်လည်ရရှိသွားပြီး အောင်ဇော်လတ်က အဝေးမှ အမှတ်မထင်ကန်သွင်းသွားခြင်းဖြစ်သည်။ ဂိုးပြန်ပေးလိုက်ရ၍ ရန်ကုန်အသင်း တိုက်စစ်အားပြန်တင်လာပြီး တိုက်စစ်မှူး ကောင်းစည်သူက ၄၃မိနစ်နှင့် ၄၅မိနစ်တို့တွင် နှစ်ဂိုးဆက် ထပ်မံသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းမှာ အနိုင်ကို ထိန်းကစားသွားပြီး မနော်ဓမြ F.C ၏ ခံစစ်အမှားကိုစောင့်ကာ ဂိုးရရှိရန်ကြိုးစားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အတွက် နောက်ဆုံးဂိုးကို ၈၈မိနစ်တွင် လွင်ကိုနိုင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ထိန်ဝင်းက သွင်းယူပေးခဲ့သည်။

(စလင်းကွင်း)

ရတနာပုံ - တစ်ဂိုး

ကမ္ဘောဇ - ဂိုးမရှိ

(ပဒုမ္မာကွင်း)

Delta United - သုံးဂိုး

နေပြည်တော် - တစ်ဂိုး

ယနေ့ပွဲ

(စလင်းကွင်း)

Southern Myanmar - ဇေယျာရွှေမြေ

(ပဒုမ္မာကွင်း)

မကွေး F.C - ဥဿာယူနိုက်တက်

ရန်ကုန် ယူနိုက် တက် မှ ဇော်မျိုးထွန်းနှင့် မနော်ဓမြမှ အောင်ဇော်လတ်တို့အကြိတ်အနယ်။(ကြေးမုံ)

ရန်ကုန်မြို့ ကုက္ကိုင်းဓာတ်ဆီဆိုင်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့ ကုက္ကိုင်း ဓာတ်ဆီဆိုင်အနီး၌ ဇူလိုင် ၃၀ ရက် ည ၇ နာရီခန့်က ကမ္ဘာအေးစေတီလမ်းအတိုင်း ဆူးလေဘက်မှမောင်းနှင်လာသည့် ဒိုင်နာယာဉ်တစ်စီးသည် လမ်းချော်အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ ဗင်ကိုယ်ပိုင်ယာဉ်နှင့် ၎င်းနောက်မှ ကပ်ပါလာသည့် စတေရှင်ဝက်စ်ဂွန် ကိုယ်ပိုင်ယာဉ်တို့ကို တိုက်မိခဲ့ကြောင်း၊ယာဉ်တိုက်မှုကြောင့် ဗင်ကိုယ်ပိုင်ယာဉ်နှင့် စတေရှင်ဝက်စ်ဂွန်ကိုယ်ပိုင်ယာဉ်ပေါ်၌ လိုက်ပါလာသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာအနည်းငယ်စီ ရရှိသွားကြောင်း၊ ဒိုင်နာယာဉ်မောင်းအား ယာဉ်မှုစစ်ရဲစခန်းက ပြင်းထန်နာကျင်စေမှု၊ ယာဉ်မဆင်မခြင်မောင်းမှုတို့ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရာမီရစ် စတမ်းဖို့ဒ်ဘရက်ချ်တွင် ဆေးစစ်မှုခံယူ

လန်ဒန် ဩဂုတ် ၃

ချယ်လ်ဆီးအသင်းသည် ဘင်ဖီကာအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ရာမီရစ်ကို ခေါ်ယူနိုင်ရေး စတမ်းဖို့ဒ်ဘရက်ချ်တွင် ဆေးစစ်မှုခံယူခဲ့သည်ဟု သိရသည်။

အသက်(၂၃)နှစ်ရှိ ရာမီရစ်ကို ဘင်ဖီကာအသင်းက ပေါင်သန်း ၂၀ဟု သတ်မှတ်ထားသော်လည်း ပေါင် ၁၈ ဒသမ ၂ သန်း (သို့မဟုတ်) ပေါင် ၁၇သန်းဖြင့် ခေါ်ယူနိုင်ဖွယ်ရှိနေသည်။

ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီက ဩဂုတ် ၈ရက်တွင် မန်ယူနှင့် ကစားရမည့် ကွန်မြူနတီပွဲမတိုင်မီ ရာမီရစ်ကို အပြီးသတ်ခေါ်ယူရန် ဆန္ဒရှိနေသည်။ အန်ဆန်လော့တီသည် ညာတောင်ပံကစားသမားဖြစ်သည့် ရာမီရစ်ကို လေးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဟုလည်း သတင်းများက ဖော်ပြထားသည်။ ***အင်တာနက်။***

ချယ်လ်ဆီးအသင်းသို့ ရောက်လာဖွယ်ရှိသည့် ရာမီရစ်။

ရက်ဘူးလ်အသင်း မားကွက်ဇ်ကို ခေါ်ယူ

လန်ဒန် ဩဂုတ် ၃

အမေရိကန် မေဂျာလိဂ်ကလပ်ရက်ဘူးလ်အသင်းသည် ဘာစီလိုနာကစားသမားဟောင်း မက္ကဆီကို ခံစစ်မှူး မားကွက်ဇ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။

အသက် (၃၁)နှစ်ရှိ မားကွက်ဇ်သည် ဘာစီလိုနာအသင်းတွင်ရှိစဉ်က နောက်ခံလူ ပူယိုးနှင့်တွဲဖက်၍ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ဘာစီလိုနာနှင့်အတူ စပိန်လာလီဂါဖလား လေးကြိမ်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ရက်ဘူးလ်အသင်းသည် ဟင်နရီကိုလည်း ခေါ်ယူထားပြီးဖြစ်ခြင်းကြောင့် ယခုဆိုလျှင် ဘာစီလိုနာကစားသမားဟောင်း နှစ်ဦးရှိသွားပြီဖြစ်သည်။

အင်တာနက်။

ဝင်းတင် (ကြေးမုံ)

ကျောက်တံခါးမြို့နယ် အသင်း(ရန်ကုန်)သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်ဖြစ်၍ အသက်(၇၅)နှစ်နှင့်အထက် မိဘများနှင့် ၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သား၊ သမီးများ အမည်စာရင်းကို ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ ဦးဇော်တင့် ဖုန်း-၀၉-၈၀၃၃၁၉၅၊ ဦးညွန့်ရွှေ ဖုန်း-၀၉-၅၁၅၀၃၇၇၊ ဦးမြင့်စိုး ဖုန်း-၀၉-၈၆၂၃၉၆၇၊ ဦးစိုးဝင်း ဖုန်း-၀၁-၂၉၈၈၁၆ နှင့် ကိုသက်လွင် ဖုန်း-၀၉-၅၁၆၃၈၆၆ တို့သို့ စာရင်းပေးသွင်းကြပါရန်နှင့် ကျင်းပမည့် နေ့ရက်နှင့်နေရာကို ထပ်မံအကြောင်းကြား ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ဒို့ကျေးရွာ ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများ ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ် အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာ လေးမျက်နှာသို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာသို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုသုံးဆု ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ကျပ်ငါးသောင်း၊ ဒုတိယဆု ကျပ်သုံးသောင်း၊ တတိယဆု ကျပ်နှစ်သောင်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ် သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ စက်တင်ဘာ ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဘီးလင်းမြို့နယ်အသင်း အကြိမ်(၃၀)မြောက် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁ ရက် နံနက်က စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပရာ ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မောင်ဉာဏ်ထက်လင်းအား အသင်းဥက္ကဋ္ဌ ဒု-ဗိုလ်မှူးကြီးခင်စိုး (ငြိမ်း)က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ဝ၄)

YMBA အသင်းခွဲ ညောင်လေးပင်မြို့၌ တိုးချဲ့ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၃

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)က အသင်းခွဲ စတင်ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ညောင်လေးပင်မြို့ ဝိုင်အမ်ဘီအေ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့ ဝိုင်အမ်ဘီအေ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း (မင်္ဂလဓမ္မဇောတိကဓဇ) အမှူးပြုသော အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အသင်းဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်း (မင်္ဂလဓမ္မဇောတိကဓဇ)က အသင်းသားစိစစ်ရေးကတ်ပြားများကို မြို့နယ်အသင်းဥက္ကဋ္ဌ ဦးအောင်ကျော်အား ပေးအပ်သည်။ ထို့နောက် မြို့နယ်အသင်း အတွင်းရေးမှူးဦးဝင်းကိုက အသင်းသားအဆိုပြုလွှာများကိုအသင်းကြီး၏ တွဲဖက်အတွင်းရေးမှူး ဦးသန်းလွင် (မြင့်သူရ)အား ပေးအပ်သည်။ ညောင်လေးပင်မြို့နယ် ဝိုင်အမ်ဘီအေအသင်း (ဝိုင်အမ်ဘီအေ အသင်းခွဲ-၁) က ရန်ကုန်မြို့ YMBA အသင်းကြီးအတွက် စည်းရုံးဖွဲ့စည်းရေး ရန်ပုံငွေအဖြစ်လှူဒါန်းသော ငွေကျပ်တစ်သိန်းကို မြို့နယ်အသင်းခွဲ ဥက္ကဋ္ဌ ဦးအောင်ကျော်က အသင်းဥက္ကဋ္ဌထံ ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ကြေးမုံ)

အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းသားဟောင်းများ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၃

မင်္ဂလာတောင်ညွန့် အထက(၁) ယခင် (ကန်တော်ကလေးစတိတ်) ၏ ကျောင်းသား၊ ကျောင်းသူဟောင်းများ အသင်းဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ် ၁ ရက်က အထက(၁) ခန်းမ၌ ကျင်းပသည်။

အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သာရေး၊ နာရေး၊ ပညာထူးချွန်ဆုပေးရေးတို့အတွက် လူမှုရေးအသင်းအဖွဲ့ စည်းမျဉ်းဥပဒေစည်းကမ်းများကို ကျောင်းသားဟောင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)က ဖတ်ကြားရှင်းလင်းသည်။ ယင်းနောက် တာဝန်ပေးအပ်ခြင်းခံရသော ဥက္ကဋ္ဌ ဦးဇော်မင်းပါ အလုပ်အမှု ဆောင်အဖွဲ့ဝင် ၂၉ ဦး၏ အမည်စာရင်းကို အကျိုးဆောင်အတွင်းရေးမှူး ဦးဒေးဗစ်ထွန်းက ဖတ်ကြားအတည်ပြုချက်ရယူပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက အကြံပြုဆွေးနွေးကာ လူမှုရေးအသင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌဦးဇော်မင်းက လက်ခံရယူကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၂)

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၅) ထွက်ပြီ

ရန်ကုန် ဩဂုတ် ၃

ဝါဆိုလ ကရကဋ်ရာသီ၏ ပုန်းညက်ပန်းများ ဖူးပွင့်မှုနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၅)ကို ဩဂုတ် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးမျိုးသန့်ရရှိရန်မှာ မျိုးကွဲနုတ်ပယ်ခြင်း အရေးပါ၊ စပါးစိုက်ပျိုးရာတွင် မြေဩဇာကို အကျိုးရှိစွာ အသုံးပြုပါ၊ နှမ်းသီးနှံ အထွက်တိုးရန် နှမ်းရောဂါများကို ကြိုတင်ကာကွယ်ပါ၊ စိုက်ပျိုးရေ လေလွင့်မှုမရှိအောင် စနစ်တကျ အသုံးပြုပါ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဂေဟစနစ်များ ပြောင်းလဲလာမှုနှင့် တစ်နိုင်မွေးမြူရေး၊ ဆိတ်မွေးမြူခြင်းအကြောင်း သိကောင်းစရာများ၊ ကြက်များ အပူဒဏ်သင့်မှုနှင့် ကာကွယ်ရန်နည်းလမ်းများ၊ ဝက်ငယ်များပြုစုစောင့်ရှောက်ခြင်း စသည့် မွေးမြူရေးဆောင်းပါးများ၊ ဆီးချိုရောဂါကို တွန်းလှန်ကျော်ဖြတ်ကြရာဝယ်၊ သက်ရှည်ကျန်းမာဖို့ မြင်းခွာရွက်ကို စားသုံးစို့၊ မိခင်နို့သာအကောင်းဆုံးပါ၊ ဆေးဝါးအဆိပ်ဖြစ်မှု သတိပြု၊ စနစ်တကျ ရေသောက်ခြင်း စသည့် ကျန်းမာရေးဆောင်းပါးများ၊ အင်းလေးကန်ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေး၊ တိုးတက်ဝေဆာပညာရွှာစာကြည့်တိုက်၊ စာတတ်သူတိုင်းစာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့ စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ယနေ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ ချစ်သူကို မသာစေရ၊ မုန်းသူကို မနာစေရ အတင်းအဖျင်းမရေး၊ သတင်းကိုသာ ရေးသင့်ကြပြီ နိုင်ငံရေးဆောင်းပါး၊ ကင်ညာနိုင်ငံအကြောင်း သိကောင်းစရာ၊ သုတေသနလုပ်ငန်းသုံး ချုံဓာတ်ပေါင်းဖို ထပ်မံတည်ဆောက်ရန် အီရန်နိုင်ငံစီစဉ်လျက်ရှိ၊ အာရှသန်းကြွယ်သူဌေးများက ဥရောပသန်းကြွယ်သူဌေးများကို ကျော်တက်နိုင် စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာတစ်ခုတည်းကိုပဲ စိတ်နှစ်ပြီး အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်နေပါတယ်ဆိုတဲ့ ဝတ်မှုန်ရွှေရည်နှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ အမေအမောပြေနိုင်ပြီ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာများ

ယမကာဆိုင်ဆူညံ ညဥ့်သန်းခေါင်ယံ

စာတည်းရှင့်-

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကျောက်ရုံလမ်းတွင် အရက်နှင့် ကာရာအိုကေဆိုင် ဖွင့်လှစ်ထားရာ ညသန်းခေါင်အထိ မူးယစ်အော်ဟစ်သီဆိုနေသူများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ၊ရပ်ကွက်သားများ**

လမ်းထောင့်မှအမှိုက်ပုံ ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့် (ဆက်သွယ်ရေးရုံးဘေး)တွင် ရပ်ကွက်ပေါင်းစုံမှ အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်လျက်ရှိရာ အမှိုက်ပုံကြီးဖြစ်လာပြီး ပတ်ဝန်းကျင်နေသူများ အနံ့အသက်ဆိုးများကို ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

စားသောက်ဆိုင်များညော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်၊ ပုသိမ်လမ်းနှင့် ဗဟိုလမ်းထောင့်တွင် စမ်းချောင်း အလက(၃)ခြံစည်းရိုးကို ကျောမှီပြီး စားသောက်ဆိုင် လေးဆိုင်ဖွင့်ထားရာ ပတ်ဝန်းကျင်နေသူများ၊ ကလေးသူငယ်များ နေ့စဉ် အညော်နံ့ရှူရှိုက်နေရ၍ ကျန်းမာရေးထိခိုက်စေနိုင်သဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ပုသိမ်လမ်းသား**

မြစ်ကြီးနားလမ်း ရေစီးရေလာကောင်းမွန်စေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြစ်ကြီးနားလမ်းတွင် စက်ရုံများရှိပြီး အဆိုပါ စက်ရုံများရှေ့တွင် ကွန်ကရစ်ရေစီးမြောင်းရှိပါသည်။ ယခုအခါ မီးသွေးများ သိုလှောင်ရောင်းဝယ်သည့် လုပ်ငန်းတစ်ခုသည် မီးသွေးကားကြီးများ ဝင်ထွက်နိုင်ရန် လမ်းကို ချဲ့ထွင်မြေဖို့လိုက်သောကြောင့် မူလရေစီးမြောင်းပုံမှန်မစီးဆင်းနိုင်တော့ဘဲ ရေဆိုးရေပုပ်များ ပြည့်လျှံလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ရေစီးမြောင်းကို ယခင်ကကဲ့သို့ ရေစီးရေလာကောင်းမွန် စေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာသန့်ရှင်းလိုသူ**

နွားမွေးမြူရေးခြံ အနံ့ဆိုးနံ့

စာတည်းရှင့်-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ ရပ်ကွက်ကြီး(၃)တွင် နို့စားနွားအကောင် (၄၀)ကျော် စီးပွားဖြစ် မွေးမြူလျက်ရှိပါသည်။ ၎င်းမွေးမြူရေးခြံမှ နွားချေးများသည် အရည်ပျော်စီးဆင်းနေပြီးလျှင် စွန့်ပစ်ပစ္စည်း အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်၍ စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ကားလမ်းနှင့်တံတား ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

ပဲခူးတိုင်း(အနောက်)၊ ရွှေတောင်မြို့နယ်၊ ရွှေနတ်တောင်-ညောင်စာရေး ကားလမ်းသည် ပျက်စီးလျက်ရှိပြီး တံတားများမှာလည်း ကောင်းမွန်ခြင်းမရှိပါသဖြင့် ခရီးသွားများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် အဆိုပါ လမ်းဟောင်းကို ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားတစ်ဦး**

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ဓာတ်ငွေ့သုံးကားများပြုပြင်နေမှု တားဆီးပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းရှိ မော်တော်ကား ပြုပြင်ရေးလုပ်ငန်းတစ်ခုတွင် ဓာတ်ငွေ့သုံးမော်တော်ကားများကို နေ့-ညပြုပြင်လျက်ရှိရာ မီးဘေးအန္တရာယ်စိုးရိမ်ရပါသည်။ ပတ်ဝန်းကျင်နေသူများနှင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူများ**

ရိပ်သာလမ်းမပေါ် ဈေးရောင်းချမှု ရှင်းလင်းပြီးစီး

၁-၃-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တောင်ငူမြို့ (၁၉)ရပ်ကွက်မှ **ရိပ်သာလမ်းမပေါ် ဈေးရောင်းချမှုရှင်းလင်းပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ဝက်မွေးမြူအနံ့ဆိုးနံ့ ဆောင်ရွက်ပြီးစီး

၂၀-၆-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်မှ **ရပ်ကွက်အတွင်း ဝက်မွေးမြူအနံ့ဆိုးနံ့** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့တော်စည်ပင်**

ကားကြီးများဝင်ထွက် လမ်းပျက်ဆောင်ရွက်ပြီးစီး

၂၇-၆-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဖျာပုံမြို့၊ (၁၄)ရပ်ကွက်မှ **ကားကြီးများဝင်ထွက် လမ်းပျက်** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

မီးသတ်ကန်ဘေး ဈေးရောင်းချမှု ရှင်းလင်းဆောင်ရွက်ပြီးစီး

၂၂-၇-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပြည်သူ့ထံမှ ပေးစာကဏ္ဍတွင် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့ ဈေးအနောက်လမ်းနှင့် ဈေးတောင်ဘက်လမ်းထောင့်ရှိ မီးသတ်ရေကန် ဘေးပတ်လည်မှ ပျံ့ကျဈေးသည်များအား ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	Country of Origin	Warranty	အရေအတွက်
1	Canon LBP-3050 Laser Printer	Export. China	1 Year	1No
2	Digital Multifunction Copier 40 PPM A4, 25% to 400% 600 DPL, USB 2.0 interface (Copy, Print, Scan)	Export China	1 Year	3 Nos
3	ASUS (P5 P41T-LE)Mother Board	Taiwan	2 Years	15Nos
4	Core i 3.2.93 CPU (4M, 530)	Malaysia	2 Years	15Nos
5	2GB DDR3 RAM (800 MHZ)	Malaysia	2 Years	15Nos
6	500 GB Hardisk (7200 RPM), Sata	Malaysia	18 Months	15Nos
7	ASUS EAH 4350 (512MB) PLX-Ex Graphic Card	Taiwan	2 Years	15Nos
8	Midi: Casing+ 550 W Power Supply	Export China	-	15 Nos
9	PS-2 Keyboard	Export China	-	15 Nos
10	USB Optical Mouse	Export China	-	15 Nos
11	18.5" LCD Monitor	Singapore	1 Year	15Nos
12	650 VA UPS	Export China	1 Year (Battery) 6-months)	15Nos

၂။ သယ်ယူမည့်အစီအစဉ် (Delivery) သက်ဆိုင်ရာတင်ဒါ အောင်မြင်သည့်ဆိုင်သို့ ကျောင်း၏ အစီအစဉ်ဖြင့် လာရောက်ယူဆောင်ပါမည်။

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၉-၈-၂၀၁၀ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဖုန်း/လိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ၂၀-၈-၂၀၁၀ ရက်နေ့ ၁၆း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

ဌာနမှူး-ဖုန်း-၀၆၄-၂၄၅၄၆
ဌာနခွဲမှူး-ဖုန်း-၀၆၄-၂၃၅၈၁

အောင်မြင်ပြည့်စုံရွှေတိဂုံစေတီတော် ဒေသစာရီကြွရောက်အပူဇော်ခံမည့်ခရီးစဉ် မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ကူရှည်ရွာမ

ဗုဒ္ဓသာသနာ့ဟိတကာရီကျောင်း စိန်ရတုမဏ္ဍပမာန်တော် ဘုရားကျောင်းဆောင်တော်ပေါ်၌ ထာဝရကိန်းဝပ်စံပယ်အပူဇော်ခံယူတော်မူမည့် အောင်မြင်ပြည့်စုံ ရွှေတိဂုံစေတီတော်ကြီးသည်-

၁။ ၂၄၊ ၂၅၊ ၂၆၊ ၂၇-၇-၂၀၁၀ရက်၌ (၃)ရက်တိုင် ရွှေတိဂုံစေတီတော်ရင်ပြင် ချမ်းသာကြီးမွှာရုံ၌ ရင်ငွေ့လှုံအပူဇော်ခံခြင်း။
၂။ ၂၇-၇-၂၀၁၀ရက်မှ ၃၁-၇-၂၀၁၀ရက်ထိ(၅)ရက်တိုင်တိုင် မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာ မြောက်ဒဂုံ၌ အပူဇော်ခံတော်မူခြင်း။
၃။ ၁-၈-၂၀၁၀ရက်တွင် ရွှေပြောင်ပြောင်ဘုရား ဗုဒ္ဓရောင်တော်ဖွင့်မွှာရုံ အောင်လံမြို့။
၄။ ၂-၈-၂၀၁၀ရက်တွင် မကွေးမြို့။
၅။ ၃-၈-၂၀၁၀ရက်တွင် အလင်းစေတမန် မနောဖြူအဖွဲ့ချောက်မြို့။
၆။ ၄-၈-၂၀၁၀ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသဆရာတော်ကြီးတရားပွဲနှင့်စိန်စီဆရာတော်တရားပွဲ။
၇။ ၄-၈-၂၀၁၀ရက်တွင် ဆိပ်ဖြူမြို့၊ ရွှေမင်းဝံဘုရားကြီးရှေ့ ရင်ပြင်တော်၌ အပူဇော်ခံယူခြင်း။ ၅-၈-၂၀၁၀ရက်တွင် ကူရှည်ရွာမဗုဒ္ဓသာသနာ့ဟိတကာရီကျောင်း၌ အပူဇော်ခံယူခြင်း။
၈။ ၆-၈-၂၀၁၀ရက်တွင်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသဆရာတော်ကြီးနှင့် စလင်းဆရာတော် ဦးကေတု၊ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ချောက်ဆရာတော် ဦးဉာဏိန္ဒဆရာတော် ကူရှည်ရွာမ ဗုဒ္ဓသာသနာဟိတကာရီကျောင်းဆရာတော် ဦးပညာဇောတ၊ ပြည်တွင်း ပြည်ပမဟာစည်ရိပ်သာများ၏နာယက(နယူးယောက်)မြို့ လောကချမ်းသာ မဟာစည် ရိပ်သာနာယက၊ အောင်လံ-ရန်ကုန်စိန်စည်ရိပ်သာများ၏ နာယက ဒီဃဘာဏကပိဋကက(၁)ပုံဆောင် စိန်စည်ဆရာတော်နှင့် သံဃာ တော် (၁၀၈)ပါးတို့က အောင်မြင်ပြည့်စုံ ရွှေတိဂုံစေတီတော်ကြီးနှင့် ဓာတ်တော်မွေတော်များ ထာဝရကိန်းဝပ် စံပယ်တော်မူမည့် စိန်ရတုမဏ္ဍပမာန်ဘုရား ကျောင်းဆောင် အပေါ်ထပ်သို့ ပင့်ဆောင်ထီးတော်တင်ခြင်း၊ အနေကဇာတင် ဗုဒ္ဓါဘိသေက မင်္ဂလာ ကျင်းပ ပူဇော်ခြင်း၊ ငရဲမင်းပရိတ်-မိုးပရိတ်၊ မိုးကမ္ဘဝါများ ရွတ်ဖတ်ချီးမြှင့်တော်မူမည်ဖြစ်ပါသည်။

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးအား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ စီးပွားရေးသံမှူး Dr. Hoang Thinh Lam သည် ဇူလိုင် ၂၈ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအကြား ကုန်ပစ္စည်း လုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၁ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပရန် ဆွေးနွေးသည်။

ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ဝင်စားသော မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် UMFCCI သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ တို့သို့လည်းကောင်း၊ UMFCCI ရှိ နိုင်ငံတကာ ဆက်ဆံရေးဌာနသို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သန်လျင်မြို့ မြို့မလမ်းနေ တိုင်းရင်းသမားတော်ကြီး ဆရာကြီး ဦးကြီးရင်၏ နှစ်(၈၀)ပြည့် မွေးနေ့အလှူအဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ပတ္တမြားလမ်းနေဦးဝမ်ကြားဆိုင်မှ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်၊ ဝါးပြားအောက်လမ်းနေ ဦးကျော်မျိုးလှိုင် [၁၃/တကန(နိုင်)၀၀၃၀၃၉]ထံသို့ လွှဲအပ်ထားသော ၆-၁-၂၀၁၀ ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာအမှတ်(၃/၂၀၁၀)အားပြန်လည်ရုပ်သိမ်းကြောင်းကြေညာအပ်ပါသည်။

ဦးဝမ်ကြားဆိုင် [၁၃/နစန(နိုင်)၀၂၃၆၈၅]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-တက/၁၀၂၃၄၊ ယာဉ်အမျိုးအစား-Zong Shen ယာဉ်လက်ဝယ်ရှိသူအမည် ဦးဇော်ဝင်းလှိုင်၊ မှတ်ပုံတင်အမှတ်[၁၃/ရစန(နိုင်)၀၅၀၇၄၀]မှယာဉ်မှတ်ပုံတင်စာအုပ်များ(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီးမြို့။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်နေလင်း[၁၂/သကတ(နိုင်)၁၅၅၀၄၅] သည် မိဘဆိုးဘွားများ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။

ဦးအုန်းသန်း[၁၂/သကတ(နိုင်)၁၁၄၄၀၁]
ဒေါ်ဝေဝေ[၁၂/သကတ(နိုင်)၀၄၃၃၉၈]

ဒေါ်နှင်းနှင်းသွင်[၁၂/ဗဟန(နိုင်)၀၀၃၂၈၈] (HONDA SERVICE CENTER) နှင့် အများသိစေရန်ကြေညာချက်

မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်၊ ရှမ်းစုရပ်နေ ဦးဇော်နိုင် နိုင်ငံသားအမှတ်[၉/မကန(နိုင်)၀၇၄၉၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၁၇/CB)၊ ဧရိယာ(၀. ၂၂၀)ဧကရှိသော မြေပိုင်မြေကွက်၊ စည်ပင်အခေါ်အမှတ်(၂၆)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဟုခေါ်တွင်သည့် မြေကို လူကြီးမင်းနှင့် မြေပိုင်ရှင် ဦးဇော်နိုင်တို့သည် ၁၅-၂-၂၀၀၈နေ့က သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များရှေ့တွင် 'နှစ်ချုပ်ဖြင့် ငှားရမ်းသည့်ကတိစာချုပ်'ကို ချုပ်ဆိုခဲ့ပြီး ငှားရမ်းခဲ့ရာ ငှားရမ်းထားသည့်ကာလသည် ၁၅-၆-၂၀၁၀နေ့တွင် ရက်ကုန်ဆုံးသွားပြီဖြစ်ကြောင်း လူကြီးမင်းအသိပင်ဖြစ်ပါသည်။

ငှားရမ်းသည့်ကာလကုန်ဆုံးပြီးနောက် ကတိစာချုပ်ပါအတိုင်း ဖယ်ရှားပေးခြင်းမပြုသဖြင့် လူကြီးမင်း ဒေါ်နှင်းနှင်းသွင် [၁၂/ဗဟန(နိုင်)၀၀၃၂၈၈] (HONDA SERVICE CENTER)သည် သူတစ်ပါးပိုင်မြေပိုင်မြေကွက်ထဲတွင် ခွင့်ပြုချက်မရှိဘဲနေထိုင်လုပ်ငန်းလုပ်ကိုင်နေသူသာလျှင်ဖြစ်ပါကြောင်း၊ ဒေါ်နှင်းနှင်းသွင်[၁၂/ဗဟန(နိုင်)၀၀၃၂၈၈] (HONDA SERVICE CENTER)နှင့် ဆက်သွယ်လုပ်ကိုင်နေသူအများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်နိုင်၏ ညွှန်ကြားချက်အရ

ဒေါ်ခင်ဆွေဝင်း	**ဒေါ်အိသီရိကြူ**	**ဦးကောင်းဆက်ညွန့်**
(၂၃၇၃၉)	**(၂၇၃၆၆)**	**(၂၇၈၂၇)**

အထက်တန်းရှေ့နေများ
အမှတ်-၅၅၊တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၅၀၅၆၈၂၃၊ ၀၁-၇၃၀၁၇၄၉၂၊ ၀၁-၇၃၀၆၅၁၀၆

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ကတ္တရာခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်အသင်း (ရန်ကုန်) ဂုဏ်ပြုပွဲနှင့် စုပေါင်းအလှူ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

ပုသိမ်အသင်း(ရန်ကုန်)၏ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုပွဲနှင့် (၂၆)ကြိမ်မြောက် စုပေါင်းအလှူပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် (တနင်္ဂနွေ)နေ့ နံနက် ၈ နာရီခွဲတွင် အမှတ်(၂၁/၄၃-စီ)၊ ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်းမွှာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများသည် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည်ဥက္ကဋ္ဌဦးစိုးဟန်လင်း ဖုန်း-၀၉-၈၆၀၀၁၂၃၊ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘအေး ဖုန်း-၀၉-၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀ ၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ အသင်းတိုက်ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ဦးမြင့်အောင် [၁၂/ဗဟန(နိုင်) ၁၀၀၆၇၄] နှင့် အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်-၁၀၅ နေ ဒေါ်သိန်းလှ[၁၂/လမန(နိုင်) ၀၁၁၆၂၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမြင့်အောင်သည် ၂၆-၇-၀၉ ရက်စွဲပါ ကန်ထရိုက်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့သော်လည်း အထက်ပါမြေကွက်တွင်အဆောက်အအုံ လုံးဝဆောက်လုပ်ခြင်းမရှိသည့်အတွက် စာချုပ်အပိုဒ်(၅) အတိုင်း အဆိုပါမြေပေါ်မှ ကန်ထရိုက် ဦးမြင့်အောင်အား လုံးဝထွက်ခွာပေးရန် တောင်းဆိုလိုက်ပါသည်။

ထို့ပြင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ဒေါ်သိန်းလှမှ ဦးမြင့်အောင်အား လွှဲအပ်ထားသည့် အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၅၄၃ (၁၄-၁၂-၀၉) အားလည်းရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ရင်
တရားရုံးချုပ်ရှေ့နေ (စဉ်-၅၁၂၃)
၁၅၊ မယ်စီကုန်းလမ်း၊ (၇)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
ဖုန်း-၅၃၆၉၉၀

ပညာရည်ချွန်ဆုပေးပွဲအလှူငွေနှင့် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲဖြူးစည်ပင်ရုံး၌ကျင်းပ

ဖြူး ဩဂုတ် ၃

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပညာရေးမြှင့်တင်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းသုံးကွန်ပျူတာတစ်စုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် ဖြူးမြို့ စည်ပင်သာယာရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၀ ခုနှစ် နွေရာသီ ကွန်ပျူတာသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများက ကွန်ပျူတာတစ်စုံကို သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား နွေရာသီ သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးက မြို့နယ်ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌဦးတင့်အောင်ထံသို့ ပေးအပ်လှူဒါန်းပြီး **(အပေါ်ပုံ)** မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်း၊ အလှူရှင်သုံးဦးတို့က ငွေကျပ် ၄၅သိန်းတို့ကို ဖြူးမြို့နယ် ပညာသင်ထောက်ပံ့ရေး ကော်မတီသို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(၁၄၀)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အာရှဘတ်စ်ကားများ ကာဗွန်ထုတ်လွှတ်မှု လျှော့ချ စင်ကာပူတွင် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကား စတင်ပြေးဆွဲ

အင်တာနက် စွမ်းအင်သတင်း

ဘာသာပြန် သတင်းလုလင်

အဆင်အပြင် - ဖြိုးစန္ဒာမြင့်

ပေကျင်း ဩဂုတ် ၃

အာရှနိုင်ငံများတွင် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကားများ ရေပန်းစားလာမည့် လက္ခဏာများကို တွေ့မြင်လာရကြောင်း တရုတ်နိုင်ငံရှိ သယ်ယူပို့ဆောင်ရေးလုပ်ငန်း တာဝန်ရှိသူများက ဇူလိုင် ၃၁ ရက်တွင် ပြောကြားသည်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြောင့် ကမ္ဘာ့လေထုလွှာအတွင်းသို့ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရန် နည်းလမ်းများ ရှာဖွေလျက်ရှိသည်။

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ လောင်စာဆဲလ်အသုံးပြုသော ဘတ်စ်ကားများကို မကြာသေးမီကာလမှစ၍ စတင်အသုံးပြုလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့❖

ပေကျင်းတွင် ပြေးဆွဲသည့် လောင်စာဆဲလ်စွမ်းအင်သုံး ဘတ်စ်ကားကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ပေးထားပြီး ဖြစ်သော်လည်း ပြည်သူများက ယင်းအခွင့်အရေးများအား ကျင့်သုံးဆောင်ရွက်ခြင်းကို နှောင့်ယှက်ဖျက်ဆီးသည်များလည်း ရှိကောင်းရှိနိုင်သဖြင့် ထိုသို့ နှောင့်ယှက်ဖျက်ဆီးသူများအား အရေးယူတားဆီးနိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းကျင့်သုံး ဆောင်ရွက်ရခြင်း ဖြစ်ပေသည်။

ဥပဒေလေ့လာသူတစ်ဦး၏ "ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ" စာမျက်နှာ - ၈၊၉

မှတ်သားဖွယ်ရာ မိုးရေချိန်များ
(၃-၈-၂၀၁၀)

ရေး	၃	ဒသမ	၉၀	လက်မ
ကျိုက်မရော	၃	ဒသမ	၁၁	လက်မ
ကော့ကရိတ်	၂	ဒသမ	၉၉	လက်မ
ကျိုက္ခမီ	၂	ဒသမ	၈၇	လက်မ
မြိတ်	၂	ဒသမ	၈၃	လက်မ
လောင်းလုံ	၂	ဒသမ	၇၆	လက်မ
ပန်းမော်	၂	ဒသမ	၆၈	လက်မ